ပြည်ထောင်စုသမ္မတ  မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# Cash For Work စီမံကိန်း

# စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲ

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်

# မာတိကာ

**အခန်း(၁) စီမံကိန်းအချက်အလက်များ**

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ အကျိုးကျေးဇူး

၄။ ဆောင်ရွက်မည့် နည်းလမ်း

၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ

၆။ စီမံကိန်းဧရိယာ

၆-၁။ အကျိုးခံစားခွင့်ရှိသူဦးရေ လွှမ်းခြုံမှု

၇။ ခန့်မှန်းကုန်ကျစရိတ်

၈။ စီမံကိန်းကာလ

၉။ စီမံကိန်းအကောင်အထည်ဖော်မည့်မြို့နယ်ရွေးချယ်ခြင်း

၁၀။ စီမံကိန်းကျေးရွာရွေးချယ်ခြင်း

၁၁။ ငွေကြေးစီမံခန့်ခွဲခြင်း

၁၂။ စောင့်ကြည့်ကြီးကြပ်ခြင်း

၁၃။ စီမံကိန်းသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်

၁၄။ ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်

၁၅။ လူမှုဆိုင်ရာ ပူးပေါင်းပါဝင်မှုကဏ္ဍ

၁၅-၁။ ကျား/မ ဆိုင်ရာ ကဏ္ဍ

၁၅-၂။ တိုင်းရင်းသားများနှင့် ဘာသာရေးအုပ်စုများ

၁၅-၃။ မသန်စွမ်းမှုဆိုင်ရာ

၁၆။ သတင်းပြန်ကြားဆက်သွယ်ရေး

**အခန်း(၂) ကျေးရွာစီမံကိန်းစက်ဝန်း**

၁။ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း

၂။ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်း

၂-၁။ ကျေးရွာကော်မတီဖွဲ့စည်းခြင်း

၂-၂။ သင်တန်းပို့ချခြင်း

၃။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းနှင့် TPIC တင်ပြခြင်း

၃-၁။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း

၃-၂။ အဆိုပြုလွှာများပြင်ဆင်ခြင်း

၃-၂။ TPIC တင်ပြခြင်း

၄။ အကျိုးခံစားခွင့် ရှိသော အိမ်ထောင်စုများ ရွေးချယ်ခြင်း

၄-၁။ လုပ်ငန်းဆောင်ရွက်လိုသည့် အိမ်ထောင်စုများမှ ကိုယ်တိုင်စာရင်းပေးသွင်း အရွေးချယ်ခံခြင်း

၄-၂။ အရွေးချယ်ခံလိုသော အိမ်ထောင်စုအရေအတွက်များလာပါက အမှတ်ပေးကဒ်များ အသုံးပြု၍ အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စုများ ရွေးချယ်ခြင်း

၅။ စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း

၅-၁။ စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်း

၅-၂။ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်း

၆။ လုပ်သားများ စီမံခန့်ခွဲခြင်း

၇။ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၇-၁။ ကျေးရွာအဆင့် ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ

၈။ စောင့်ကြည့်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စီမံကိန်းပိတ်သိမ်းခြင်း

၈-၁။ လုပ်ငန်းများ စောင့်ကြည့်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း

၈-၂။ စီမံကိန်းပိတ်သိမ်းခြင်း

**အခန်း(၃) လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

၁။ ကျေးရွာအဆင့် လုပ်ငန်းတာဝန်များ

၂။ မြို့နယ်အဆင့် လုပ်ငန်းတာဝန်များ

၃။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအဆင့် လုပ်ငန်းတာဝန်များ

**အခန်း(၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များနှင့် လုပ်ငန်းလမ်းညွှန်ချက်များ**


၁။ နိဒါန်း

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ အသုံးချပုံနည်းလမ်းလုပ်ငန်းစဉ်

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ် လမ်းညွှန်ချက်များ

၃-၁။ ယေဘူယျလမ်းညွှန်ချက်များ

၃-၂။ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ

၄။ စီမံကိန်းလုပ်ငန်းခွဲများအလိုက် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ


**အခန်း(၅) ပုံစံများ**


| စဉ် | ပုံစံနံပါတ် | ပုံစံအမည် |
|---|---|---|
| ၁။ | ပုံစံ-စ-၁ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာ |
| ၂။ | ပုံစံ-စ-၂ | စီမံကိန်းလုပ်ငန်းစောင့်ကြည့်ကြီးကြပ်ခြင်း |
| ၃။ | ပုံစံ-စ-၃ | စီမံကိန်းလုပ်ငန်းအပြီးသတ်စစ်ဆေးချက် |
| ၄။ | ပုံစံ-စ-၃(က) | လုပ်သားအချုပ်စာရင်း |
| ၅။ | ပုံစံ-စ-၄ | စီမံကိန်းဝန်ထမ်း/ကျွမ်းကျင်ပညာရှင်၏ ကိုယ်ရေးအချက်အလက်များ |
| ၆။ | ပုံစံ-စ-၅ | ကော်မတီဝင်များ၏ကိုယ်ရေးအချက်အလက်များ |
| ၇။ | ပုံစံ-စ-၆ | သင်တန်းအစီရင်ခံစာ |
| ၈။ | KPI အပတ်စဉ်တိုးတက်မှုမှတ်တမ်း | |
| ၉။ | ပုံစံ-စ-၇ | အကာအကွယ်စစ်ဆေးချက် |
| ၁၀။ | ပုံစံ-စ-၈ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းခြင်း |
| ၁၁။ | ပုံစံ-ဝ-၁ | လုပ်ငန်းအကောင်အထည်ဖော်ရေးသဘောတူစာချုပ် |
| ၁၂။ | ပုံစံ-ဝ-၂ | စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ် |
| ၁၃။ | ပုံစံ-ဝ-၂(က) | ထိခိုက်လွယ်မှုအမှတ်ပေးအကဲဖြတ်သုံးသပ်ချက် |
| ၁၄။ | ပုံစံ-ဝ-၃ | ဝယ်ယူ/ငှားရမ်းရန်လိုအပ်သည့်စာရင်း |
| ၁၅။ | ပုံစံ-ဝ-၄ | ဈေးနှုန်းစုံစမ်းခြင်းအတွက်ရေးသွင်းရန်ပုံစံ |
| ၁၆။ | ပုံစံ-ဝ-၅ | ပစ္စည်းလက်ခံရရှိကြောင်းမှတ်တမ်း |
| ၁၇။ | ပုံစံ-ဘ-၁ | ငွေတောင်းခံလွှာ |
| ၁၈။ | ပုံစံ-ဘ-၂ | ရငွေ/ပေးငွေစာရင်းချုပ် |

၁၉။ ပုံစံ–ဘ–၃ အသုံးစရိတ်စာရင်းအသေးစိတ်

၂၀။ ပုံစံ–ဘ–၄ လုပ်အားခပေးချေမှုမှတ်တမ်း

၂၁။ ပုံစံ–ဘ–၅ လုပ်အားခပေးချေမှု ငွေပေး/ငွေရပြေစာ

နောက်ဆက်တွဲ

၁။ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း လမ်းညွှန်

## အခန်း(၁)

## စီမံကိန်းအချက်အလက်များ

### ၁။ နိဒါန်း

၁။ ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားသော ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ကူးစက်မှုနှုန်းမြင့်မားစွာဖြင့် ဖြစ်ပွားလျက်ရှိပြီး လူအသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) စတင်ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး ပြည်သူများ၏ လူမှုစီးပွား ဘဝထိခိုက်ဆုံးရှုံးနိုင်သည့် အလားအလာများစွာ ရှိနေပါသည်။ Covid–19 ရောဂါ ကူးစက်မှုကာလအတွင်း အချို့ဒေသများ၌ Lock Down ပြုလုပ်ခြင်း၊ အသွားအလာ ထိန်းချုပ်ကန့်သတ်ခြင်း၊ လူစုလူဝေးများတားမြစ်ခြင်းတို့ကြောင့် ကျေးလက်ပြည်သူများ၏ မိသားစုဝင်ငွေရရှိရေး လုပ်ငန်းများ ထိခိုက်မှု ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ ယင်းထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် (၂၇-၄-၂၀၂၀)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ Covid–19 Economic Relief Plan ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး လတ်တလော အခြေအနေအရ နိုင်ငံတော်အစိုးရမှ ပြည်သူများစားနပ်ရိက္ခာဖူလုံစေရန်နှင့် ဝင်ငွေရရှိစေရန်ရည်ရွယ်၍ အစားအစာ ထောက်ပံ့ခြင်း Food Supply အစီအစဉ်နှင့် Cash Transfer အစီအစဉ်များကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယင်းစီမံချက်၏ Action Plan 2.1.7 အရ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အထောက်အကူပြုစေမည့် Cash for Work အစီအစဉ်ကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

၃။ ဤစီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲစာအုပ်ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ(၃)ရက်နေ့တွင် ထုတ်ပြန်ထားသော "ကုန်ထုတ်လုပ်ငန်းနှင့် ကျေးရွာအခြေခံအဆောက်အအုံလုပ်ငန်းများအတွက် Cash For Work စီမံကိန်း" (Version–2.0) ကို အခြေခံပြီး ဦးစီးဌာနမှဆောင်ရွက်သည့် Cash For Work Pilot စီမံကိန်းများ ဆောင်ရွက်မှုအပေါ် သင်ခန်းစာယူ၍ရေးဆွဲထားခြင်း ဖြစ်ပါသည်။

၄။ Cash For Work စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Pilot အဖြစ် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ကျေးရွာ(၁) ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် အားလုံးရှိ မြို့နယ်(၂၅၉)၊ ကျေးရွာ (၂,၄၈၈) ရွာတွင် Cash For Work စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

၅။ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါအကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေ ပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ် ပါသည်။

## ၃။ အကျိုးကျေးဇူး

၆။ Cash for Work စီမံကိန်းဆောင်ရွက်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည် –

(က) နိုင်ငံတော်၏ Covid-19 စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း၊

( ခ) ပြည်သူများ ချက်ချင်းဝင်ငွေရရှိခြင်း၊

( ဂ) ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊

(ဃ) ကုန်ထုတ်လုပ်မှု ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးမှု ကို အထောက်အကူပြုခြင်း။

## ၄။ ဆောင်ရွက်မည့် နည်းလမ်း

၇။ Cash for Work စီမံကိန်းသည် တစ်ရွာလျှင် ကျပ်သိန်း(၁၀၀) ထောက်ပံ့ပေးပြီး ကျေးရွာ ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်သားအင်အား အသုံးပြုရသည့် (Labor Intensive)နည်းလမ်းဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ

၈။ မြေပြင်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊လုပ်ငန်းလည်ပတ် ခြင်း၊ ရန်ပုံငွေများစီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ပြည်ထောင်စုအဆင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းခွဲတိုးတက်မှုများ စောင့်ကြည့်စစ်ဆေးခြင်း၊ လုပ်ငန်းစဉ်

များကို စစ်ဆေးအကဲဖြတ်ခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ကူညီပံ့ပိုးခြင်း တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၆။ စီမံကိန်းဧရိယာ

၉။ စီမံကိန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ ကျေးရွာပေါင်း (၂,၄၈၈)ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ညှိနှိုင်းရွေးချယ်မှုအရ တစ်မြို့နယ်လျှင် အနည်းဆုံး(၂)ရွာမှ အများဆုံး (၅၀)ရွာအထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရွေးချယ်ထားသောမြို့နယ်နှင့် ကျေးရွာအရေ အတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**စီမံကိန်းဆောင်ရွက်မည့် မြို့နယ်နှင့်ကျေးရွာစာရင်းချုပ်**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာ |
|---|---|---|---|
| ၁ | နေပြည်တော် | ၅ | ၁၁၀ |
| ၂ | ကချင် | ၁၃ | ၉၀ |
| ၃ | ကယား | ၇ | ၁၁၀ |
| ၄ | ကရင် | ၇ | ၁၁၀ |
| ၅ | ချင်း | ၈ | ၁၁၀ |
| ၆ | စစ်ကိုင်း | ၃၇ | ၂၅၀ |
| ၇ | တနင်္သာရီ | ၁၀ | ၁၁၀ |
| ၈ | ပဲခူး | ၂၈ | ၂၅၀ |
| ၉ | မကွေး | ၂၄ | ၂၄၉ |
| ၁၀ | မန္တလေး | ၂၃ | ၂၄၉ |
| ၁၁ | မွန် | ၁၀ | ၁၁၀ |
| ၁၂ | ရခိုင် | ၄ | ၁၁၀ |
| ၁၃ | ရန်ကုန် | ၁၁ | ၁၁၀ |
| ၁၄ | ရှမ်း(တောင်) | ၂၁ | ၁၁၂ |
| ၁၅ | ရှမ်း(မြောက်) | ၂၀ | ၉၄ |
| ၁၆ | ရှမ်း(ရှေ့) | ၈ | ၆၄ |
| ၁၇ | ဧရာဝတီ | ၂၃ | ၂၅၀ |
| | **စုစုပေါင်း** | **၂၅၉** | **၂,၄၈၈** |

## ၆-၁။ အကျိုးခံစားခွင့်ရှိသူဦးရေလွှမ်းခြုံမှု

၁၀။ ဤစီမံကိန်းသည် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အလုပ်သမားအင်အား အသုံးပြုရသည့် (Labor Intensive) လုပ်ငန်းများကို မြို့နယ်(၂၅၉)မြို့နယ်ရှိ ကျေးရွာပေါင်း(၂,၄၈၈) ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကျေးရွာတစ်ရွာလုံး အကျိုးခံစားခွင့် ရရှိစေမည်ဖြစ်ပြီး ခန့်မှန်း ခြေအားဖြင့် အိမ်ထောင်စုပေါင်း(၃)သိန်းနီးပါးခန့်ကို အကျိုးပြုစေမည်ဖြစ်ပါသည်။ (တစ်ရွာလျှင် အိမ်ထောင်စု (၁၂၀)စုနှုန်းဖြင့် ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။)

## ၇။ ခန့်မှန်းကုန်ကျစရိတ်

၁၁။ ကျေးရွာတစ်ရွာလျှင် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အလုပ်သမားအင် အား အသုံးပြုရသည့် (Labor Intensive) လုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် Cash for Work စီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာ(၂,၄၈၈)ရွာတွင် တစ်ရွာလျှင် ငွေကျပ်(၁၀)သန်း ထောက်ပံ့ ပေးမည်ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ အတွက် ခန့်မှန်း ကုန်ကျငွေ စုစုငွေပေါင်းမှာ ငွေကျပ်(၂၅) ဘီလီယံ ဖြစ်ပြီး စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရာ တွင်သင်တန်းစရိတ်နှင့် ဝန်ထမ်းများကွင်းဆင်းခြင်းအတွက် သာမန်အသုံးစရိတ် ခေါင်းစဉ်မှ ကျခံသုံးစွဲ သွားမည်ဖြစ်ပါသည်။ကျေးရွာစီမံကိန်းထောက်ပံ့ငွေ၊ စီမံကိန်းအသိပညာပေး ခြင်း၊ ကျေးရွာအဆင့်သင်တန်းပေးခြင်းနှင့် စီမံခန့်ခွဲမှုအသုံးစရိတ်များအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထား တွက်ချက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | အရေအတွက် | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|
| ၁ | Cash for Work စီမံကိန်းအတွက် ရန်ပုံငွေ<br>**(ကျေးရွာတစ်ရွာ ကျပ် ၁၀၀ သိန်း)** | ၂,၄၈၈ ရွာ | ၂၄,၈၈၀ | |
| ၂ | စီမံကိန်းအသိပညာပေးခြင်း | | ၂၀ | |
| ၃ | ကျေးရွာအဆင့် သင်တန်းပေးခြင်း | | ၅၀ | |
| ၄ | စီမံခန့်ခွဲမှုအသုံးစရိတ် | | ၅၀ | |
| | **စုစုပေါင်း** | | **၂၅,၀၀၀** | |

## ၈။ စီမံကိန်းကာလ

၁၂။ Cash For Work စီမံကိန်းသည် ကျေးရွာကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ/သားများကိုယ်တိုင် ဆောင်ရွက်စေမည်ဖြစ်ပြီး စီမံကိန်း စတင် အကောင် အထည်ဖော် ချိန်မှ လုပ်ငန်းပြီးစီးသည်အထိ (၃) လ မှ (၄) လ ခန့် ကြာမြင့်မည်ဖြစ်ပါသည်။ အကောင် အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ(၂၄၈၈) ရွာမှာ ဇွန်လ ၂၀၂၀ မှ စက်တင်ဘာ ၂၀၂၀ အထိ (၄) လခန့် ကြာမြင့်မည်ဖြစ်ပါသည်။

**Cash For Work စီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်( ဇွန် ၂၀၂၀ – စက်တင်ဘာ ၂၀၂၀)**

| စဉ် | အကြောင်းအရာ | ဇွန် | | ဇူလိုင် | | | | ဩဂုတ် | | | | စက်တင်ဘာ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | 3W | 4W | 1W | 2W | 3W | 4W | 1W | 2W | 3W | 4W | 1W | 2W | 3W | 4W | |
| ၁ | ToT သင်တန်းများ ပို့ချခြင်း | ■ | | | | | | | | | | | | | | |
| ၂ | စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်း | | ■ | ■ | | | | | | | | | | | | |
| ၃ | စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း | | | ■ | ■ | | | | | | | | | | | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာများပြင်ဆင်ခြင်း | | | ■ | ■ | | | | | | | | | | | |
| ၅ | စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းတိုင်းတာခြင်း နှင့် BoQ | | | | ■ | ■ | | | | | | | | | | |
| ၆ | ရန်ပုံငွေတောင်းခံခြင်း | | | | ■ | ■ | | | | | | | | | | |
| ၇ | ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း | | | | | ■ | ■ | ■ | ■ | | | | | | | |
| ၈ | မြို့နယ်အဆင့် TPIC သို့တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း | | | | | ■ | ■ | | | | | | | | | |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသို့ သင်တန်းပို့ချခြင်း | | | | ■ | ■ | ■ | | | | | | | | | |
| ၁၀ | စီမံကိန်းလုပ်ငန်း အစီအစဉ် များရေးဆွဲခြင်း | | | | | ■ | ■ | ■ | | | | | | | | |
| ၁၁ | စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | | | | | ■ | ■ | ■ | ■ | ■ | ■ | ■ | | | |
| ၁၂ | စီမံကိန်းလုပ်ငန်းကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း | | | | | | ■ | ■ | ■ | ■ | ■ | ■ | ■ | | | |
| ၁၃ | မြို့နယ်ကျေးလက်ဦးစီးမှ စီမံကိန်းလုပ်ငန်းများ အပြီးသတ်စစ်ဆေးခြင်း | | | | | | | | ■ | ■ | ■ | ■ | ■ | | | |
| ၁၄ | စီမံကိန်းလုပ်ငန်းပိတ်သိမ်းခြင်း | | | | | | | | | ■ | ■ | ■ | ■ | | | |
| ၁၅ | အပြီးသတ်အစီရင်ခံစာတင်ပြခြင်း | | | | | | | | | | | | | ■ | ■ | |

## ၉။ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မည့် မြို့နယ်ရွေးချယ်ခြင်း

၁၃။ စီမံကိန်းဆောင်ရွက်မည့်အကောင်းဆုံးနှင့် အသင့်တော်ဆုံးမြို့နယ်များရွေးချယ်နိုင်ရန် တစ်နိုင်ငံလုံး ရှိ မြို့နယ်များကို လွှမ်းခြုံနိုင်သော စစ်တမ်းကောက်ယူရန်လိုအပ်ပြီး စစ်တမ်းမှတွေ့ရှိချက်အပေါ်မူတည်၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လတ်တလောအခြေအနေအရ စစ်တမ်းကောက်ယူရန် မဖြေပြင် အခြေအနေတွင် အခက်အခဲများစွာရှိသောကြောင့် အောက်ဖော်ပြပါ ညွှန်းကိန်း(၂)ခုကို အခြေခံ၍ ရွေး ချယ် သွားရန်ဖြစ်ပါသည် –

(က) လူဦးရေစစ်တမ်းအပေါ်အခြေခံ၍ တွက်ချက်ထုတ်ပြန်ထားသော ဖွံ့ဖြိုးရေးလိုအပ်ချက် (Multi–Dimensional Disadvantages Index)

( ခ) ပြည်ပသို့ သွားရောက်လုပ်ကိုင်သောလုပ်သားများ ပြန်လည်ရောက်ရှိလာမှု အများဆုံး မြို့နယ်။

၁၄။ စီမံကိန်းမြို့နယ်များရွေးချယ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ရွေးချယ်ရန် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အထက်ပါညွှန်းကိန်းများအစား မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်း လိုအပ်ချက် အရ ဆောင်ရွက်သင့်သည့်မြို့နယ်များအား ရွေးချယ်ခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ဆောင် ရွက်ရာတွင် ဝေးလံခေါင်ပါးသော မြို့နယ်များ၊ နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုမရှိသော မြို့နယ်များ၊ ဝန်ထမ်းအင်အားနည်းပါးသောမြို့နယ်များ ထည့်သွင်းရွေးချယ်ခြင်းမပြုရန် လိုအပ်ပါ သည်။

၁၅။ Cash for Work စီမံကိန်းမြို့နယ်များ ရွေးချယ်ရာတွင် အောက်ဖော်ပြပါ မြို့နယ်များအား ရွေးချယ်ခြင်း မပြုရပါ –

(က) နယ်မြေလုံခြုံမှုမရှိသော မြို့နယ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသောမြို့နယ်များ၊

(ခ) ဝန်ထမ်းအင်အားနည်းပါးသော မြို့နယ်များ၊

(ဂ) ဝေးလံခေါင်ပါး၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောမြို့နယ်များ၊

## ၁၀။ စီမံကိန်းကျေးရွာရွေးချယ်ခြင်း

၁၆။ Cash For Work စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် အောက်ဖော်ပြပါ ညွှန်းကိန်းများနှင့်အညီ ရွေးချယ်ရမည် ဖြစ်ပါသည်–

(က) လူဦးရေစစ်တမ်းအပေါ်အခြေခံ၍ တွက်ချက်ထုတ်ပြန်ထားသော မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက်ချို့တဲ့မှု ညွှန်းကိန်း(Multi–Dimensional Disadvantages Index) အများဆုံးရှိ သည့် ကျေးရွာအုပ်စု ၄၀% တွင် ပါဝင်သောကျေးရွာ၊

( ခ) COVID–19 ကူးစက်ရောဂါဖြစ်ပွားသည့် ကျေးရွာ

( ဂ) COVID–19 ကူးစက်ရောဂါ၏ အကျိုးဆက်များကြောင့် အလုပ်အကိုင်(သို့) ဝင်ငွေဆုံးရှုံးမှု ရှိသော အလုပ်သမားအရေအတွက်များသည့် ကျေးရွာ၊

(ဃ) နေရပ်ပြန်အလုပ်သမားများနှင့် ရွှေ့ပြောင်းလုပ်သားများ အရေအတွက်များသော ကျေးရွာ၊

(င) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာ၊

(စ) စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်သော ကျေးရွာ၊

၁၇။ MDI အများဆုံးရှိသည့် ကျေးရွာအုပ်စု (၄၀%) တွင် မပါဝင်သော ကျေးရွာများကို ရွေးချယ်ရမည်ဆိုပါက စီမံကိန်းကျေးရွာရွေးချယ်ရေးအဖွဲ့သည် ထိုကျေးရွာများရွေးချယ်ရသည့် အကြောင်းအရင်းကို အသေးစိတ် ရှင်းလင်းချက်နှင့်တကွ ကျေးလက်ဦးစီးဌာန(ရုံးချုပ်) သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၁၈။ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အောက်ဖော်ပြပါကျေးရွာများအား ရွေးချယ်ခြင်းမပြုရပါ–

(က) မြစိမ်းရောင်စီမံကိန်းရရှိပြီးသောကျေးရွာများ၊

(ခ) ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (Village Revolving Fund Project –VRFP) ရရှိမည့်ကျေးရွာများ

(ဂ) ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan – VDP) ရရှိသောကျေးရွာများ

(ဃ) ဆယ်မားအူလ်အွန်ဒုန်း (ကျေးရွာသစ်လှုပ်ရှားမှု)စီမံကိန်း ဆောင်ရွက်နေသော ကျေးရွာများ၊

(င) လက်ရှိ ဘဏ္ဍာရေးနှစ်တွင် NCDDP စီမံကိန်းမှ Block Grant ရရှိ၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသောကျေးရွာများ၊

(စ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလျက်ရှိသော ကျေးရွာများနှင့် နယ်မြေလုံခြုံမှု မရှိသောကျေးရွာများ၊

၁၉။ သက်ဆိုင်ရာမြို့နယ်အလိုက် စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး (TPIC) အဖွဲ့တွင် ပါဝင်သောဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ ဖိတ်ကြားရွေးချယ်သွားရန် ဖြစ်ပါသည်။

၂၀။ တစ်မြို့နယ်လုံး မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိခဲ့ပါက အဆိုပါမြို့နယ်များတွင် စီမံကိန်းကျေးရွာရွေးချယ်ရာ၌ စီမံကိန်းကျေးရွာ ရွေးချယ်ရေးအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးပြီး မြေပြင်လိုအပ်ချက်အပေါ် မူတည်ပြီး ရွေးချယ်ဆောင်ရွက်သွားရန်နှင့် ရွေးချယ်ရသည့်အကြောင်းအရင်းကို မှတ်တမ်း တင်ထားရှိပြီး ရှင်းလင်းချက်နှင့်တကွ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

## ၁၁။ ငွေကြေးစီမံခန့်ခွဲခြင်း

၂၁။ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ငွေကြေးစီမံခန့်ခွဲခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည် –

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် စီမံကိန်းရန်ပုံငွေအား သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေစာရင်း (MD)သို့ DL ဖြင့် တိုက်ရိုက်လွှဲပြောင်း ပေးပို့သွားမည်ဖြစ်ပါသည်၊

(ခ) မြို့နယ်ကျေးလက်ဦးစီးဌာနသည် မြို့နယ်မြန်မာ့စီးပွားဘဏ်တွင် Cash for Work စီမံကိန်းအမည်ဖြင့် ငွေစာရင်းရှင်တစ်ခု ဖွင့်လှစ်ရမည်၊

(ဂ) သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနငွေစာရင်း (MD)မှ Cash for Work စီမံကိန်းစာရင်းရှင်သို့ စီမံကိန်းရန်ပုံငွေအား Account Transfer ဖြင့် လွှဲပြောင်းရမည်၊

(ဃ) မြို့နယ်ကျေးလက်ဦးစီးဌာနသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျေးရွာသို့ ငွေထုတ်ပေးသည့်အခါတွင်ချက်လက်မှတ်ဖြင့်ထုတ်ပေးရမည်၊ ထိုသို့ ကျေးရွာများသို့ ရန်ပုံငွေအရစ်ကျထုတ်ပေးရာတွင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး၏ ငွေထုတ်ခွင့်ပြုမိန့် (MS) ရှိရမည်ဖြစ်ပြီး မြို့နယ်ကျေးလက်ဦးစီးရုံး၏ အပတ်စဉ်/လစဉ် အစည်းအဝေး မှတ်တမ်း (EC) တွင် မှတ်တမ်းတင်ထားရမည်၊

(င) ကျေးရွာသို့ ငွေထုတ်ပေးနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအနက်မှ အနည်းဆုံးကိုယ်စားလှယ်(၂)ဦးသည်ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ငွေထုတ်ခွင့်တင်ပြစာ၊ ငွေထုတ်ယူခွင့်ကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြို့နယ်ကျေးလက်ဦးစီး ဌာနရုံးထံ လူကိုယ်တိုင်တင်ပြရမည်၊

(စ) မြို့နယ်ကျေးလက်ဦးစီးဌာနသည် ယင်းကျေးရွာကိုယ်စားလှယ်(၂)ဦးအနက်မှ (၁)ဦး၏ အမည်ဖြင့်ချက်လက်မှတ်ရေးသား၍ငွေထုတ်ယူသူကိုယ်စားလှယ်(၂)ဦးထံချက်လက်မှတ်ကို ပေးအပ်ရမည်၊

(ဆ) ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံ လိုအပ်သောရန်ပုံငွေကို အောက်ဖော်ပြပါအတိုင်း (၃)ကြိမ်ခွဲ၍ ထုတ်ပေးရမည် –

(၁) ပ – အကြိမ် (၅၀%) ငွေထုတ်ပေးခြင်း – လုပ်ငန်းစတင်သည့်အချိန်

(၂) ဒု – အကြိမ် (၄၀%) ငွေထုတ်ပေးခြင်း – လုပ်ငန်း (၅၀%) ပြီးစီးသည့် အချိန်

(၃) တ–အကြိမ် (၁၀%) ငွေထုတ်ပေးခြင်း – လုပ်ငန်း(၁၀၀%)ပြီးစီးပြီး မြို့နယ် ကျေးလက်ဦးစီးရုံးမှလုပ်ငန်းစစ်ဆေးအတည်ပြုပြီးသောအချိန်

( ဇ) Labor Intensive စနစ်ဖြင့် ပစ္စည်းတန်ဖိုးမပါဝင်ဘဲ လုပ်အားခပေးချေသည့် လုပ်ငန်းများအတွက် လုပ်ငန်းပမာဏနှင့် ကုန်ကျငွေအပေါ်မူတည်၍ ရန်ပုံငွေကို ထုတ်ယူခွင့်ပြုရမည်။ သို့ရာတွင် တစ်ကြိမ်ထုတ်ပေးငွေသည် **ငွေကျပ် (၁၅)သိန်းထက်** ပိုမိုထုတ်မပေးရန်၊

( ဈ) လိုအပ်ပါက မြို့နယ်ကျေးလက်ဦးစီးရုံးသည် ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဦးစီးရုံး၏ ခွင့်ပြုချက်ဖြင့် အထက်အပိုဒ် (ဆ)နှင့်(ဇ)ပါ သတ်မှတ်ချက်များအား ပြင်ဆင်သတ်မှတ် ဆောင်ရွက်နိုင်သည်၊

(ည) စီမံကိန်းလုပ်ငန်းများအား အချိန်တိုသတ်မှတ်ကာလအတွင်း အမြန်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မြို့နယ်ကျေးလက်ဦးစီးရုံးအနေဖြင့် ရန်ပုံငွေများထုတ်ပေးရာတွင် ကြန့်ကြာမှုမရှိစေရန် အထူးအလေးထား စီစဉ်ဆောင်ရွက်ရမည်၊

( ဋ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်အားခပေးချေရာတွင် ငွေပေး/ငွေရပြေစာကို အသုံးပြု၍ ပေးချေရမည်။ ငွေပေးချေသည့် အကြောင်းအရင်းနှင့် ငွေလက်ခံရရှိသူ၏ အမည်၊ လက်မှတ်၊ မှတ်ပုံတင်အမှတ်၊ ရက်စွဲ အပြည့်အစုံပါရှိရမည်။ အကယ်၍ ငွေလက်ခံရရှိသူသည် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိပါက လက်ဗွေနှိပ်ရမည်၊

( ဌ) လုပ်အားခပေးချေရာတွင် ရိုးရိုးလုပ်သား (Unskilled labor/ helper) အတွက် တစ်နေ့လုပ်အားခကို အနည်းဆုံးငွေကျပ် (၄၈၀၀)နှုန်း ပေးချေရန်ဖြစ်ပြီး ဒေသအခြေအနေအပေါ် မူတည်၍ ခိုင်လုံသောအကြောင်းပြချက်ရှိပါက ငွေကျပ်(၄၈၀၀)မှ ငွေကျပ် (၆၀၀၀)နှုန်း အတွင်း ပေးချေနိုင်သည်။ လုပ်ငန်းလိုအပ်ချက်အရ ငှားရမ်းအသုံးပြုရမည့် ကျွမ်းကျင် လုပ်သား (Skilled labor) များအတွက် တစ်နေ့လုပ်ခနှုန်းအား ဒေသပေါက်ဈေး ဖြင့်သာ ပေးချေရမည်။

( ဍ) မြို့နယ်ကျေးလက်ဦးစီးရုံးမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံ လွှဲပြောင်းပေးသော ရန်ပုံငွေသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ရရှိသောအများပိုင်ငွေကြေး ဖြစ်သဖြင့် ပျောက်ဆုံး၊ ပျက်စီး၊ လေလွင့်၊ ဆုံးရှုံးခြင်းမရှိစေရန် အထူးဂရုပြု ထိန်းသိမ်းရမည်။

ယင်းရန်ပုံငွေကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအနက်မှ လုံခြုံစိတ်ချရသည့် အဖွဲ့ဝင်၏နေအိမ်တွင် သေချာစွာသိမ်းဆည်း၍ ယာယီထိန်းသိမ်းထားရမည်၊

( ဃ ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ ရန်ပုံငွေထုတ်ယူခြင်း၊ ကျေးရွာသို့ သယ်ဆောင်ခြင်း၊ ကျေးရွာ၌ယာယီသိမ်းဆည်းခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ လုပ်အားခပေးချေခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရန်ပုံငွေ ပျောက်ဆုံး၊ ပျက်စီး၊ ဆုံးရှုံးမှုမရှိစေရေး လုံခြုံရေးသတိဖြင့် အထူးအလေးထား ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ တာဝန်သာဖြစ်သည်။

(ဏ) ရန်ပုံငွေသုံးစွဲမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။ ပစ္စည်းဝယ်ယူမှု အတွက် ကုန်ကျစရိတ်ပြေစာမိတ္တူများကိုလည်းကောင်း၊ တစ်ဦးချင်းလုပ်အားခ ပေးချေ သည့်စာရင်းနှင့် ငွေပမာဏကိုလည်းကောင်း၊ အထွေထွေအသုံးစရိတ်သုံးစွဲမှု ကုန်ကျစရိတ် များကိုလည်းကောင်း အများပြည်သူသိရှိစေရန် ကျေးရွာကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်၊

(တ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် စီမံခန့်ခွဲမှုနှင့် အထွေထွေအသုံးစရိတ်အဖြစ် လက်ခံရရှိသော ရန်ပုံငွေ၏ အများဆုံး ၂ % ထက်မပိုသောငွေအား သုံးစွဲခွင့်ရှိသည်။ အထွေထွေအသုံးစရိတ်ကို စာရေးကိရိယာဝယ်ယူခြင်း၊ မိတ္တူကူးခ၊ လုပ်ငန်းကိစ္စဖြင့် မြို့သို့သွားရောက်ခြင်းအတွက် မှန်ကန်မျှတသောစားစရိတ်၊ ယာဉ်စီးခ၊ စက်သုံးဆီဖိုး၊ ချည်ထည်နှာခေါင်းစည်း၊ လက်ဆေးရည်ဝယ်ယူခြင်းစသည်တို့အတွက် အသုံးပြုနိုင်သည်၊

(ထ) လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သောကျေးရွာသူ/သားများသည် COVID–19 ကာကွယ်ရေးပစ္စည်းများ(ဥပမာ–နှာခေါင်းစည်း၊ လက်အိတ်စသည်)ကို မိမိအစီအစဉ်ဖြင့် သာကျခံသုံးစွဲရမည်၊

( ဒ ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းဆောင်ရွက်မှုအသုံးစရိတ်များအတွက် ငွေစာရင်းစာအုပ် (Cash Book) ထားရှိရမည်။ အသုံးစရိတ်ပြေစာများ၊ အထောက်အထားများအား သေချာစွာဖိုင်တွဲ သိမ်းဆည်းထားရမည်။ လိုအပ်ပါက စာရင်းစစ်ဆေးမှုခံယူရမည်၊

( ဓ ) မြို့နယ်ကျေးလက်ဦးစီးရုံးသည် စီမံကိန်းဆောင်ရွက်ခြင်းအတွက် ကုန်ကျသော အုပ်ချုပ်ထောက်ပံ့စရိတ်များကို သာမန်အသုံးစရိတ်ခေါင်းစဉ်မှ ကျခံသုံးစွဲရမည်၊

( န) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ငွေပေးချေရာတွင်သော်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID–19 ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်၊

( ပ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ မျှော်မှန်းမထားသည့် ကိစ္စရပ်များပေါ်ပေါက်လာပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ထံ အဆင့်ဆင့်တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

(ဖ) စီမံကိန်းပြီးဆုံးပါက မြို့နယ်တွင် ဖွင့်လှစ်ထားသော Cash For Work စာရင်းရှင်အား စာရင်းစစ်ဆေးခံယူ၍ စာရင်းများ ရှင်းလင်းဆောင်ရွက်ပြီး စာရင်းပိတ်သိမ်းရန်။

## ၁၂။ စောင့်ကြည့်ကြီးကြပ်ခြင်း

၂၂။ စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းများကို ကျေးရွာအဆင့်လုပ်ငန်းအကောင်အထည်ဖေါ်ခြင်း လုပ်ငန်းများမှစ၍ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာပြုစုသည်အထိလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ ခက်ခဲမှုမရှိပဲ ဖြည့်သွင်းနိုင်စေရန် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများအား ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်း မြင်သာမှုရှိစေရန်နှင့် စာရင်းစစ်ဆေးခံနိုင်ရန်တို့အတွက် ပုံစံများကို အသုံးပြုသွားမည် ဖြစ်ပါသည်။ မြို့နယ် ကျေးလက် ဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများမှ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသများသို့ ကွင်းဆင်းကြည့်ရှုခြင်း နှင့် စစ်ဆေးခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။

၂၃။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများကို အချိန်နှင့် တစ်ပြေးညီစဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမည်ဖြစ်ပြီး ယင်းရလဒ်များအပေါ်မူတည်၍ လုပ်ငန်း တစ်ခုချင်းဆီအလိုက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းပြီးစီးမှုများကို မှတ်တမ်းဓါတ်ပုံများနှင့်တကွ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ စီမံကိန်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ငွေစာရင်း ရှင်းတမ်းပုံစံများအား စနစ်တကျဖြည့်သွင်း၍ အများပြည်သူမြင်သာနိုင်သည့် ကျေးရွာ ကြေငြာသင်ပုန်းတွင် ပွင့်လင်းမြင်သာမှုရှိစွာ ချပြထားရှိရမည်ဖြစ်ပြီး မြို့နယ်ကျေးလက်ဦးစီး ဌာနသို့ လည်း စုစည်းတင်ပြရမည်ဖြစ်ပါသည်။

## ၁၃။ စီမံကိန်း သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်

၂၄။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဖြည့်သွင်းထားသော စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး စစ်ဆေးနိုင်ရန်နှင့် အစီရင်ခံစာများပြင်ဆင်နိုင်ရန်အတွက် မြို့နယ်အဆင့် ကျေးလက်ဦးစီးဝန်ထမ်းများမှ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်(MIS)ဖြင့် ဖြည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၅။ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေး၏ ရည်ရွယ်ချက်မှာ စီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ရရှိလာသော သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ကောက်ယူစုဆောင်းပြီး မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ စီမံခန့်ခွဲရာတွင် ကောင်းမွန်သော လမ်းညွှန်မှုများ အချိန်မီပေးနိုင်ရန်၊ တိုးတက်မှုအခြေအနေများကို ဆန်းစစ်နိုင်ရန်နှင့် အကဲဖြတ်နိုင်ရန် စသည်တို့ကို ရည်ရွယ်ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ရေးတွင် အောက်ပါအစိတ်အပိုင်း(၄) ခုပါဝင်သည်–

(က) **လုပ်ငန်းဆောင်ရွက်ခြင်းများ–** အကောင်အထည်ဖော်ရေးတိုးတက်မှုနှင့် ဘဏ္ဍာရေးတိုးတက်မှုများကို စောင့်ကြည့်ကြီးကြပ်စစ်ဆေးသည်။

(ခ) **လေ့လာခြင်း–** ကနဦးစီမံကိန်းဆောင်ရွက်မှု၏ စာရွက်စာတမ်းထိန်းသိမ်းခြင်းနှင့် ကျေးရွာစီမံကိန်းစက်ဝန်းမှ ရရှိလာသော သင်ခန်းစာများကို ယခုတိုးချဲ့ဆောင်ရွက်မည့် ကျေးရွာ (၂,၄၈၈) ရွာတွင် အသုံးပြုသွားမည်။

(ဂ) **ရလာဒ်များ–** စီမံကိန်းမူဘောင်များအတွင်း အကျိုးသက်ရောက်မှုရလာဒ်များ ဖော်ပြသည်။

(ဃ) **အကဲဖြတ်ခြင်း–** ကိန်းဂဏန်းအပေါ်လေ့လာခြင်း၊ ကျား/မကိစ္စရပ်များ၊ နည်းပညာ၊ ဘဏ္ဍာရေး၊ အကာအကွယ်များ၊ လုပ်ငန်းကြီးကြပ်မှုခရီးစဉ်တွေ့ရှိချက်များအပေါ် အရည်အသွေး အကဲဖြတ်ခြင်းများ ဖြစ်သည်။

၂၆။ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေးတွင် အဓိကမှာ စီမံကိန်းသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်ဖြစ်ပါသသည်။ ၎င်းစနစ်သည် စီမံကိန်းစီမံခန့်ခွဲမှုတွင် အထောက်အကူဖြစ်စေရန် လိုအပ်သော သတင်းအချက်အလက်များ ရရှိစေရန်နှင့် အချိန်မီဆုံးဖြတ်ချက်ချမှတ်နိုင်စေရန်၊ လုပ်ငန်းစဉ်တိုးတက်မှု များကို စစ်ဆေးနိုင်စေရန် ပြည့်စုံစွာပါရှိသော ကွန်ရက်တစ်ခုဖြစ်ပါသည်။

## ၁၄။ ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်

၂၇။ စီမံကိန်းအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သောအခက်အခဲများကိုအချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်ရန်တို့အတွက် ဝေဖန်

အကြံပြုတိုင်ကြားခြင်းစနစ်ကို အကောင်အထည်ဖေါ် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကာလတို စီမံကိန်း ဖြစ်သော်လည်း စီမံကိန်းဆောင်ရွက်မှုအပေါ် ကျေးရွာသူ/သား များမှ မကျေနပ်မှုများရှိပါက အောက်ပါ နည်းလမ်းများအတိုင်း တိုင်ကြားစေမည် ဖြစ်ပါသည် –

(က) အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊

(ခ) တယ်လီဖုန်းဖြင့် အကြံပြုတိုင်ကြားခြင်း၊

(ဂ) စာဖြင့်ရေးသားပေးပို့ အကြံပြုတိုင်ကြားခြင်း၊

(ဃ) အီးမေးလ်၊ ဝက်ဆိုက်၊ Social Media တို့မှတဆင့် အကြံပြုတိုင်ကြားခြင်း။

၂၈။ အဆိုပါ ဝေဖန်အကြံပြုတိုင်ကြားစနစ်တွင် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်ရှိဆက်သွယ်ရမည့် တာဝန်ခံများ၏ အမည်၊ ဖုန်းနံပါတ်များကို ဆောင်ရွက်မည့် ကျေးရွာအဆင့်ထိ အသိပေးဖော်ပြထားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် အကြောင်းအရာ များကို ဝေဖန် အကြံပြုနိုင်ရန် ရည်ရွယ်ထားပါသည်။

၂၉။ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့များကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသ ကြီးအဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်များတွင် ဖွဲ့စည်းထားရှိဆောင်ရွက်သွားပါမည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များ၌ လူထုဗဟိုပြုစီမံကိန်း NCDDP တွင် လက်ရှိ ဆောင်ရွက်နေသည့် ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့များမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြို့နယ်အဆင့် ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး အတွက် ကျေးလက်ဦးစီးဝန်ထမ်း တစ်ဦးအား တာဝန်ယူစေပြီး မြို့နယ်ဦးစီးမှူးမှ ကြီးကြပ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃၀။ ကျေးရွာအဆင့်တွင် ကျေးရွာမှ ယုံကြည်ရသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးတာဝန်ခံများအဖြစ် အများသဘောတူဆောင်ရွက် သွားစေမည် ဖြစ်ပါသည်။ မြို့နယ်အဆင့် ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး တာဝန်ခံများကို ပြည်နယ်/တိုင်း ဒေသကြီး၊ ပြည်ထောင်စုအဆင့် တို့မှ နည်းပညာအကူအညီများ ပံ့ပိုးပေးမည်ဖြစ်ပြီး၊ ကျေးရွာအဆင့် တာဝန်ခံများကို မြို့နယ်အဆင့်မှ ထပ်ဆင့်ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

## ၁၅။ လူမှုဆိုင်ရာ ပူးပေါင်းပါဝင်မှုကဏ္ဍ

### ၁၅-၁။ ကျား/မ ဆိုင်ရာ ကဏ္ဍ

၃၁။ Cash for Work စီမံကိန်း ဆောင်ရွက်ရာတွင် အမျိုးသမီးများအတွက် အခွင့်အလမ်းများ လက်လှမ်းမီမှုရှိစေရန်နှင့် တန်းတူအကျိုးခံစားခွင့်ရရှိစေရန် အောက်ပါဆောင်ရွက်မှုများကို ထည့်သွင်း သွားမည် ဖြစ်ပါသည်–

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် အမျိုးသမီးများ ပါဝင်နိုင်မည့် အခွင့်အရေးရှိပြီး ကော်မတီဥက္ကဌ ရာထူးအတွက် အမျိုးသားများသာမက အမျိုးသမီးများလည်း ပါဝင်ခွင့် ရှိသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ရာတွင် အမျိုးသမီးများမှ အကျိုးဝင်သောစီမံကိန်းလုပ်ငန်းခွဲများ အဆိုပြု တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများမှ တူညီသော အလုပ်အကိုင် အခွင့်အလမ်းနှင့် တူညီသောလုပ်အားခ ရရှိခွင့်ရှိရမည်။

(ဃ) စီမံကိန်းဒေသတွင်းရှိ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် စီမံကိန်းလုပ်ငန်းခွဲများတွင် လက်လှမ်းမီ ပါဝင်နိုင်မှုရှိရမည်။

(င) စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အမျိုးသမီး ပါဝင်ဆောင်ရွက်မှုများအား မှတ်တမ်းထားရှိရမည်။

## ၁၅-၂။ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးအုပ်စုများ

၃၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး၊ ဘာသာရေးအုပ်စုများ၊ လူနည်းစုအုပ်စုများ၊ အခြားသောဝိုင်းပယ်ခံအုပ်စုများ (ဥပမာ-မသန်စွမ်းသူများပါဝင်ခြင်း) အားလုံးအပြည့်အဝပါဝင်ခွင့်ရှိပြီး စီမံကိန်း၏ အကျိုးကျေးဇူးများကို တန်းတူညီမျှ ခံစားခွင့်ရရှိစေမည်ဖြစ်ပါသည်။

## ၁၅-၃။ မသန်စွမ်းမှုဆိုင်ရာ

၃၃။ တိုင်းရင်းသားအုပ်စုများ၊ အမျိုးသမီးများနှင့်မသန်စွမ်းသူများသည် အားနည်းချက်ရှိသော အုပ်စုဖြစ်သည်။ စီမံကိန်း၏လူမှုရေးဆိုင်ရာမူဝါဒနှင့်အညီ မသန်စွမ်းသူများကို ကျေးရွာလုပ်ငန်းခွဲများ ရွေးချယ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ခွင့်ရရှိစေရန် အခွင့်အလမ်းဖော်ဆောင်ပေးရန် လိုအပ်သည်။

## ၁၆။ သတင်းပြန်ကြားဆက်သွယ်ရေး

၃၄။ စီမံကိန်းအကြောင်းအား ကျေးရွာလူထု ပိုမိုသိရှိစေရန်အတွက် ကျေးရွာများတွင် စီမံကိန်းမိတ်ဆက်ပွဲများပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ စီမံကိန်းကျေးရွာ များသို့ ကောင်းမွန်စွာစီးဆင်းစေရန် အတွက် စီမံကိန်းလက်ကမ်းစာစောင်များ၊ စီမံကိန်းပိုစတာများနှင့် စီမံကိန်းလက်စွဲစာအုပ်များ ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလတစ်လျှောက်တွင် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များ၏ ညွှန်ကြားချက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။ လူစုလူဝေး ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် COVID-19 နှင့်ပတ်သက်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့

ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည်-

(က) အသံချဲ့စက်အသုံးပြု၍ ကျေးရွာလူထုသို့ သတင်းအချက်အလက်များပေးခြင်း၊


(ခ) သင်တန်းများ၊ အစည်းအဝေးများတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေခွာ၍ နေရာထိုင်ခင်းနှင့် အဝင် အထွက် ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ တက်ရောက်သူအားလုံးမှ နှာခေါင်းစည်း တပ်ဆင် ရန်၊ လက်ဆေးရန်အတွက် ပြင်ဆင်ပေးထားခြင်း။

(ဂ) လုပ်အားခများပေးချေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေခွာ၍ ငွေထုတ်ခြင်းလုပ်ငန်း များဆောင်ရွက်ခြင်း။

၃၅။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး တက်ကြွစွာပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်း တိုးတက်မှုအခြေအနေများအား သိရှိနိုင်ရန်အတွက် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှတဆင့် ကျယ်ကျယ် ပြန့်ပြန့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲ၏ ဦးစားပေးလုပ်ငန်းခွဲရွေးချယ်မှု၊ အကျိုး ခံစားခွင့် ရှိသောအိမ်ထောင်စုစာရင်းများ၊ လုပ်သားစီမံခန့်ခွဲမှုအစီအစဉ်များ၊ ဝယ်ယူရေးဆိုင်ရာနှင့် ဘဏ္ဍာရေး ဆိုင်ရာရှင်းတမ်းများကို ကြော်ညာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေငြာခြင်း စသည့် နည်းလမ်းများကို အသုံးပြု၍ ကျေးရွာလူထုသို့ အသိပေးရမည်။

# အခန်း(၂)

## စီမံကိန်းစက်ဝန်း




### ၁။ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း

၃၆။ ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များ၏ အကူအညီရယူ၍ အစည်းအဝေးမကျင်းပမီ အနည်းဆုံး(၂) ရက်ကြိုတင်၍ အသိပေးအကြောင်းကြားရမည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများအားလုံးပါဝင်သော စီမံကိန်းမိတ်ဆက်ခြင်းအစည်းအဝေးတစ်ရပ် ကျင်းပရမည်။

၃၇။ အစည်းအဝေးဆောင်ရွက်ရန်အတွက် မြို့နယ်ကျေးလက်ဦးစီးရုံးသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် -

(က) ကျေးရွာသူ/သားများအားလုံးကို ဖိတ်ကြားသွားရန်၊

(ခ) လေဝင်လေထွက်ကောင်းသော၊ ကျယ်ဝန်း၍ အစည်းအဝေးကျင်းပနိုင်သည့်နေရာတွင် ဆောင်ရွက်သွားရန်၊

(ဂ) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေခွာသော နေရာထိုင်ခင်း၊ အဝင်အထွက် ပြုလုပ်နိုင်ရေးနှင့် လက်ဆေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန်၊ တက်ရောက်သူအားလုံးမှ နှာခေါင်းစည်း တပ်ဆင်ရန်။

၃၈။ **အချိန်ကာလ**။ အစည်းအဝေးကို အနည်းဆုံးနေ့တစ်ဝက်ကျင်းပသင့်သည်။

၃၉။ ကျေးရွာအစည်းအဝေးတွင် ပထမဦးစွာ စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောပြရမည်။ စီမံကိန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ဝင်ငွေနည်းကျေးလက်နေပြည်သူများအား အလုပ်အကိုင်ဖန်တီးပေးလိုခြင်းနှင့် ချက်ချင်းလုပ်အားခရရှိစေနိုင်မည့် လုပ်သားအင်အားအသုံးပြုရသည့် စီမံကိန်း လုပ်ငန်းခွဲများ ရွေးချယ်နိုင်ရေးအတွက် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများနှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းစွာ အသိပေးပြောကြားရမည်။

## ၂။ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်း

### ၂-၁။ ကော်မတီဖွဲ့စည်းခြင်း

၄၀။ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျေးရွာအဆင့်တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရာအိမ်မှူးဦးဆောင်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျေးရွာအတွင်း ဖွဲ့စည်းထားရှိပြီးဖြစ်သော ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်း၍ဆောင်ရွက်ရန် ဖြစ်ပါသည်။ အကယ်၍ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းထားရှိခြင်း မရှိပါက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနမှဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖ တို့က ကျေးရွာသူ/သားများ၏ အများသဘောတူညီချက်ဖြင့် ရွာအတွက် အချိန်ပေး နိုင်သူ၊ ကျေးရွာတွင် အခြေတကျနေထိုင်သူ၊ အသက် (၁၈)နှစ်အထက်ရှိသူ၊ ကျေးရွာလူထုမှ ယုံကြည် အားကိုးရ သူတို့အား ကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ရမည်။ ကော်မတီဝင် အရေအတွက်ကို (၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ❖ ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် (၁)ဦး ဥက္ကဋ္ဌ
- ❖ ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် (၃)ဦး အဖွဲ့ဝင်များ
- ❖ ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် (၁)ဦး ငွေစာရင်းကိုင်
- ❖ ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် (၁)ဦး ဘဏ္ဍာရေးမှူး
- ❖ ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် (၁)ဦး အတွင်းရေးမှူး

၄၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးသည် လုပ်ငန်းတိုးတက်မှုများအား မြို့နယ်ကျေးလက်ဦးစီးသို့ အစီရင်ခံတင်ပြခြင်း၊ ဘဏ္ဍာရေးမှူးနှင့် ငွေစာရင်းကိုင်သည် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဝယ်ယူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ ဝေဖန် အကြံပြုချက် များအား ဖြေရှင်းရာတွင် ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ၏ သက်တမ်းမှာ စီမံကိန်းစတင်ချိန်မှ စီမံကိန်းပြီးဆုံးပြီး စာရင်းစစ်ဆေးပြီးစီး သည်အထိ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်း ပြောပြပြီး ကော်မတီကို ဖွဲ့စည်းရမည်ဖြစ်သည်။

၄၂။ ဖြစ်နိုင်ပါက ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအတွက် ကျေးရွာမှယုံကြည်ရသော အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးတာဝန်ခံများအဖြစ် ဆောင်ရွက် သင့်သည်။

## ၂-၂။ သင်တန်းပို့ချခြင်း

၄၃။ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာ ရေးဆွဲခြင်း၊ အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စုများရွေးချယ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်စေရန်အတွက် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို မြို့နယ်ကျေးလက်ဦးစီးရုံးမှ "ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း" (Community Management Training)ပို့ချမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ (၄) နာရီခန့်ကြာ မြင့်မည် ဖြစ်ပြီး ပို့ချမည့် အကြောင်းအရာများအား "ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းလမ်းညွှန်" စာအုပ်တွင် အသေးစိတ်ဖော်ပြထားပြီး နောက်ဆက်တွဲ(၁) အနေဖြင့် ထည့်သွင်းထားပါသည်။

# ၃။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းနှင့် TPIC တင်ပြခြင်း

## ၃-၁။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း

၄၄။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ၏ အကူအညီဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများမှ ဦးဆောင်၍ ကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့် စီမံကိန်း ၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသော စီမံကိန်းလုပ်ငန်းခွဲများကို ရွေးချယ်ရမည်။

၄၅။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ရာတွင် လုပ်အားခတန်ဖိုးသည် စီမံကိန်းထောက်ပံ့ငွေ၏ ပျမ်းမျှ ၆၀% ရရှိနိုင်သော စီမံကိန်းလုပ်ငန်းခွဲမျိုးကိုသာ ရွေးချယ်ရမည်။ လုပ်အားခတန်ဖိုးသည် စီမံကိန်းထောက်ပံ့ငွေ၏ ၆၀% ထက်ပိုမိုရရှိပါကလည်း ဆောင်ရွက်နိုင်သည်။

၄၆။ အောက်ပါ စီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်နိုင်သည် –

ဇယား ၂–၁။ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများစာရင်း

| စဉ် | အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၁ | ကျေးရွာတွင်း ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း။ |
| ၂ | ကျေးရွာတွင်းလမ်းများ၊ ကုန်ထုတ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း(လမ်းများပေါ်တွင် မြေပြိုမှုများ ရှိပါက ဖယ်ရှားခြင်းလုပ်ငန်းများအပါဝင်)။ |
| ၃ | ရေကန်များ ခြံစည်းရိုးကာရံခြင်း/တည်ဆောက်ပြုပြင်ခြင်း။ |
| ၄ | ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူးတွင်းများ၊ ရေကန်များ အသစ်တည်ဆောက်ခြင်း/ ပြုပြင်ခြင်း၊ မြေသားရေကန်များ ပြုပြင်ခြင်း။ |
| ၅ | ဆိပ်ခံတံတားများ၊ တံတားငယ်များ ပြုပြင်ထိန်းသိမ်းခြင်း။ |
| ၆ | သောက်သုံးရေ (သို့) အများသုံးရေကန်များသို့ ရေဝင်လမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြုပြင်ခြင်း (၆၃ ဧကအောက်)။ |
| ၇ | အမှိုက်သိုလှောင်ကန်များ ရှင်းလင်းခြင်း(သို့) ပြုပြင်ခြင်း။ |
| ၈ | မြေဖို့လုပ်ငန်းများနှင့် မြေထိန်းနံရံများ ပြုပြင်တည်ဆောက်ခြင်း။ |
| ၉ | ကျေးရွာပိုင် အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်း။ |
| ၁၀ | စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမနှင့် ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း။ |
| ၁၁ | အများပြည်သူဆိုင်ရာ နေရာများ၊ ရှိရင်းစွဲ ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊ ကျေးရွာအနီးရှိ ရေဝေရေလွှဲနေရာများအပါအဝင် ကျေးရွာပိုင်/အများပိုင် မြေများတွင် သစ်ပင်စိုက်ပျိုးခြင်း။ |
| ၁၂ | သစ်တောဧရိယာနှင့် ထိစပ်နေသော ကျေးရွာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် ရှိရင်းစွဲ မီးတားလမ်းများအား ပြုပြင်မွမ်းမံခြင်း။ |
| ၁၃ | အများပိုင် ငါး၊ ပုဇွန်၊ ဂဏန်းမွေးမြူရေးကန်များ ပြုပြင်မွမ်းမံခြင်း။ |

၄၇။ အောက်ပါစီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်ခွင့်မရှိ၍ စီမံကိန်းမှ ရန်ပုံငွေထောက်ပံ့ပေးမည် မဟုတ်ပါ။

ဇယား ၂-၂။ အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ စာရင်း

| စဉ် | အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၁ | တစ်ရွာလုံးအကျိုးခံစားခွင့်မရှိသော လုပ်ငန်းများ။ |
| ၂ | အမျိုးသမီးနှင့် အမျိုးသားများ တူညီသောလုပ်ငန်းများအတွက် လုပ်အားခတူညီစွာ ပေးချေခြင်း မရှိသော လုပ်ငန်းများ။ |
| ၃ | ရွာသားများ နေရာပြောင်းရွှေ့ရန် / ပြန်လည်နေရာချထားရန် လိုအပ်သော စီမံကိန်းလုပ်ငန်းများ။ |
| ၄ | လုပ်သားများကို အတင်းအဓမ္မအလုပ်စေခိုင်းသော လုပ်ငန်းများ။ |
| ၅ | ပုဂ္ဂလိကပိုင်ကုန်ပစ္စည်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အစိုးရရုံးများ၊ ဘာသာရေး ဆိုင်ရာအဆောက်အဦများတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့သော လုပ်ငန်းများ။ |
| ၆ | ရှိရင်းစွဲအခြေခံအဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ခြင်း(သို့) အသစ်တည်ဆောက်သည့် လုပ်ငန်းများ။ |
| ၇ | တည်ဆောက်ရေးကာလ (၃) လထက်ပို၍ ကြာမြင့်မည့်လုပ်ငန်းများ။ |
| ၈ | နည်းပညာပိုင်းဆိုင်ရာ ရှုပ်ထွေးသော လုပ်ငန်းများ(ဥပမာ။ ပေ ၂၀ အထက် တံတားနှင့် ဆိပ်ခံ တံတား အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ)နှင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်နိုင် ခြင်းမရှိသော လုပ်ငန်းများ။ |
| ၉ | ဒေသခံလုပ်သားအင်အားထက် စက်ယန္တရားဖြင့် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများ။ |
| ၁၀ | လုပ်အားခ ၃၀% အောက်နည်းသော လုပ်ငန်းများ(လုပ်ငန်းခွဲတစ်ခုလုံး စုစုပေါင်းထောက်ပံ့ငွေ၏)။ |
| ၁၁ | မြေယာသော်လည်းကောင်း ပိုင်ဆိုင်မှုတစ်စုံတစ်ရာသော်လည်းကောင်း ဆုံးရှုံးရခြင်းအတွက် လျော်ကြေးပေးချေရသော လုပ်ငန်းများ။ |
| ၁၂ | အဓမ္မအလုပ်စေခိုင်းခြင်း(သို့) ကလေးလုပ်သားအသုံးပြုခြင်းနှင့် လူကုန်ကူးမှုဖြစ်ရပ်များ ဖြစ်ပွားစေမည့် လုပ်ငန်းများ၊ (သို့မဟုတ်) အသက်(၁၅) နှစ်အထက်နှင့် (၁၈) နှစ်အောက် ကလေးများအား အန္တရာယ် ရှိသော လုပ်ငန်းခွင်များ (သို့) ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများအား ထိခိုက်စေနိုင် သောလုပ်ငန်းများတွင် ခန့်အပ်ခိုင်းစေသော လုပ်ငန်းများ။ |

| စဉ် | အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၁၃ | အစိုးရ(သို့) အခြားမိတ်ဖက်အဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့ထားသော(သို့) ငွေကြေးထောက်ပံ့ရန် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများ (သို့ရာတွင် Cash For Work စီမံကိန်းလုပ်ငန်းအား Co-financing အဖြစ်ဆောင်ရွက်သော လုပ်ငန်းဖြစ်ပါက ဆောင်ရွက်နိုင်သည်) |
| ၁၄ | အစိုးရ(သို့) အခြားအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်ရှိလုပ်ငန်းများနှင့် အခြား သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်မရရှိသောလုပ်ငန်းများ။ |
| ၁၅ | လက်ကိုင်လွှစက်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ကျောက်ဂွမ်း (ကျောက်ဂွမ်းပါဝင်သော ပစ္စည်းများ) အပါအဝင် မူးယစ်ဆေး(သို့) စစ်ဘက်ဆိုင်ရာ အသုံးအဆောင်(သို့) အန္တရာယ်ရှိစေသော အခြားပစ္စည်းများနှင့် အသုံးအဆောင်များ ဝယ်ယူမှုပါဝင်သော လုပ်ငန်းများ (သို့) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အသက် မွေးဝမ်းကျောင်းမှုများကို သိသာစွာ ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုများ။ |
| ၁၆ | အပြည်ပြည်ဆိုင်ရာ ရေကြောင်းလိုင်းများမှ ရေများအသုံးပြုမှု၊ ဧရာဝတီမြစ်၏ အဓိက ရေစီးကြောင်းပေါ်တွင် ရှိသော အများပြည်သူသုံး ရေပေးဝေမှု၊ အသေးစားဆည်မြောင်း သွယ်ခြင်းများ(သို့)အသေးစားရေးစားလျှပ်စစ်ထုတ်လုပ်ရန်ပံ့ပိုးမှုများ အစရှိသည့်လုပ်ငန်းများ။ဧရာဝတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခနှင့်မလိခမြစ်တစ်လျှောက်ရှိရေပေးဝေမှုများနှင့် ဆည်မြောင်းငယ်များကို စီမံကိန်းမှ ရန်ပုံငွေ ပံ့ပိုးပေးလိမ့်မည် မဟုတ်ပါ။ |
| ၁၇ | နိုင်ငံတော်အဆင့် ထိန်းသိမ်းစောင့်ရှောက်ထားသော သဘာဝတောများ၊ သီးသန့်သစ်တောများ (အဆိုပြုထားသော ကာကွယ်တောများ)ကာကွယ်မှုပြုထားသောနေရာများတွင် အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများသည် ထိန်းသိမ်းစောင့်ရှောက်ရန် သိသိသာသာဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။ သို့မဟုတ် သဘာဝတောများ ပျက်သုဉ်းခြင်း၊ သက်ဆိုင်ရာ စီမံကိန်း၏ ကာကွယ်တော၊ ကာကွယ်ဧရိယာ စီမံခန့်ခွဲမှုစီမံချက် တွင် ဖော်ပြထားခြင်းမရှိခြင်း။<br><br>မှတ်ချက်။ လက်ရှိအဆောက်အအုံများ (ဥပမာ-ခရီးသွားလုပ်ငန်းကို ရည်ရွယ်သော လက်ရှိလူသွားလမ်း(သို့) လှည်းလမ်းကြောင်း) တို့သည် ယင်းစီမံကိန်း၏ အစီအမံနှင့် ကွဲလွဲ မှုမရှိပါက ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ အတည်ပြုချက်ကိုလည်း ရယူရမည်) |
| ၁၈ | အများပိုင်ရေကန်၏ ခြံစည်းရိုးအသစ် ကာရံရာတွင် လက်ရှိနယ်နမိတ်ပြင်ပရှိ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသော မြေ အတွင်းသို့ ကျော်လွန်၍ ခြံစည်းရိုးကာရံသည့် လုပ်ငန်းများ။ |
| ၁၉ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသောမြေ(သို့) ပုဂ္ဂလိကပိုင်မြေပေါ်တွင် လက်တူးတွင်း/အဝီစိတွင်း/အများသုံးရေငုတ် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ။ |

| စဉ် | အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၂၀ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသောမြေ(သို့) ပုဂ္ဂလိကပိုင်မြေပေါ်တွင် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ။ |

## ၃-၂။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာများပြင်ဆင်ခြင်း

၄၈။ ကျေးရွာအစည်းအဝေးတွင် ကျေးရွာလူထုသဘောတူညီမှုဖြင့် လုပ်ငန်းရွေးချယ်ပြီးပါက ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ "ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာ(ပုံစံ-စ-၁)" ကိုပြင်ဆင်၍ မြို့နယ်ကျေးလက် \ဦးစီးဌာနသို့ တင်ပြရမည်။

၄၉။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ၏ အကူအညီဖြင့် "အကာအကွယ် စိစစ်ခြင်း (ပုံစံ-စ-၇)"ကို ဖြည့်သွင်းရမည်။ ဖြည့်စွက်ထားသော အကာအကွယ်စိစစ်ခြင်း ပုံစံအား မှန်ကန်မှုရှိ/မရှိ ထပ်မံစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုမရှိကြောင်း သေချာမှသာ လုပ်ငန်းခွဲပြင်ဆင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

## ၃-၃။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ(TPIC) တင်ပြခြင်း

၅၀။ ကျေးရွာမှတင်ပြလာသော စီမံကိန်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးဌာန စီမံကိန်းတာဝန်ရှိသူများမှ ကွင်းဆင်းတိုင်းတာခြင်း၊ ခန့်မှန်းတွက်ချက်ခြင်း၊ လုပ်ငန်းများ စိစစ်ခြင်းများဆောင်ရွက်မည် ဖြစ်ပါသည်။ စိစစ်ပြီးသော လုပ်ငန်းများအား မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ(TPIC) သို့ တင်ပြ၍ အတည်ပြုချက်ရယူမည်ဖြစ်ပါသည်။ TPIC သို့ တင်ပြအတည်ပြုချက်ရယူမည့် စီမံကိန်းလုပ်ငန်းများအပေါ် တိုင်းဒေသကြီး/ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီးများမှ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ ကြီးကြပ်စိစစ်သွားရမည်။ (ဥပမာ။ ပစ္စည်းနှင့် လုပ်အားခ အချိုးများ၊ လုပ်သားအင်အား အသုံးပြုသည့်လုပ်ငန်းခွဲ)

## ၄။ အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စုများ ရွေးချယ်ခြင်း

၅၁။ ဤစီမံကိန်းသည် ကုန်ထုတ်လုပ်ငန်းနှင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် Cash for Work စီမံကိန်းဖြစ်သောကြောင့် စီမံကိန်း၏ အကျိုးကျေးဇူးအား ကျေးရွာတစ်ရွာလုံး အကျိုးခံစားခွင့်ရရှိစေမည့်အပြင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သော အိမ်ထောင်စုများမှလည်း လုပ်အားခရရှိမည်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ရှိသူများ ရွေးချယ် ရာတွင် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီနှင့် ကျေးရွာရပ်မိရပ်ဖများမှ ရွေးချယ်ရမည် ဖြစ်ပါသည်။

၅၂။ ဤစီမံကိန်းသည် တိုင်းရင်းသားလူနည်းစုများအတွက် အခွင့်အလမ်းများ တန်းတူညီမျှစွာရရှိရေး၊ ကျား/မတန်းတူညီမျှမှုရှိစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေးကိုလည်း အလေးထားသောကြောင့် တိုင်းရင်း သား လူနည်းစုများပါဝင်ရေး၊ အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးကိုလည်း အလေးထား

စည်းရုံး ဆောင် ရွက်သွားရမည်ဖြစ်ပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ကလေးအလုပ်သမားများ မပါဝင်စေရေး အတွက်လည်း သေချာစွာစိစစ်၍ အသက်(၁၅)နှစ်ပြည့်ပြီးသူများကိုသာ ပါဝင်ဆောင် ရွက်စေမည် ဖြစ်ပါ သည်။

### ၄-၁။ လုပ်ငန်းဆောင်ရွက်လိုသည့် အိမ်ထောင်စုများမှ ကိုယ်တိုင်စာရင်းပေးသွင်း အရွေးချယ်ခံခြင်း

၅၃။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာတွင် ကျေးရွာမှ ရွေးချယ်ထားသောလုပ်ငန်းများအနက်မှ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းကို ကျေးရွာလူထုသို့ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ကြော်ငြာ သင်ပုန်းတွင် ကပ်ခြင်းစသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသို့ အသိပေးရမည်။ လုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် ဝင်ရောက် အလုပ်လုပ်ကိုင်လိုသော အိမ်ထောင်စုများမှ ကျေးရွာ ကော်မတီ ထံသို့ ကိုယ်တိုင်စာရင်း ပေးသွင်းနိုင်သည်။ စီမံကိန်းဆောင်ရွက်သည့် ကျေးရွာနှင့် အနီးနားရှိကျေးရွာမှ စီမံကိန်း လုပ်ငန်းတွင် ပါဝင်အလုပ်လုပ်ကိုင်လိုသော အိမ်ထောင်စုများရှိပါက ကိုယ်တိုင်စာရင်းပေးသွင်းနိုင် ပြီး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

### ၄-၂။ အရွေးချယ်ခံလိုသော အိမ်ထောင်စုအရေအတွက်များလာပါက အမှတ်ပေးကဒ်များ အသုံးပြု၍ အကျိုးခံစားခွင့် ရှိသော အိမ်ထောင်စုများ ရွေးချယ်ခြင်း

၅၄။ လုပ်ငန်းဆောင်ရွက်လိုသော အိမ်ထောင်စုများမှ ကိုယ်တိုင်စာရင်းပေးသွင်းရာတွင် အရွေးချယ်ခံ လိုသော အိမ်ထောင်စုအရေအတွက်များပြားလာပါက "ထိခိုက်လွယ်မှု အမှတ်ပေးအကဲဖြတ် သုံးသပ် ချက် ပုံစံ -၀-၂(က)" ကို အသုံးပြု၍ အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စုကို စိစစ်ရွေးချယ်ရ မည်။

၅၅။ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်အလုပ်လုပ်ကိုင်ရန် ရွေးချယ်ခံ ရသော အိမ်ထောင်စုများစာရင်းကို ကျေးရွာလူထုသိရှိနိုင်စေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာ ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း စသည့်နည်းလမ်းများဖြင့် အသိပေး ရမည်။

## ၅။ စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း

### ၅-၁။ စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်း

၅၆။ ကျေးရွာမှ အကောင်အထည်ဖော်ဆောင်ရွက်လိုသော လုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးမှ စိစစ်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ(TPIC) သို့တင်ပြမည်ဖြစ်ပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ(TPIC)မှ အတည်ပြုချက်ရရှိသော စီမံကိန်းလုပ်ငန်းခွဲများသာ ဆောင်ရွက်ခွင့်ရရှိစေမည်ဖြစ်သည်။

## ၅-၂။ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း

၅၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် စီမံကိန်းရန်ပုံငွေအား သက်ဆိုင်ရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေစာရင်း (MD) သို့ DL ဖြင့် တိုက် ရိုက်လွှဲပြောင်း ပေးပို့ သွားမည်ဖြစ်ပါသည်။ မြို့နယ်ကျေးလက်ဦးစီးဌာနသည် မြို့နယ်မြန်မာ့စီးပွားဘဏ်တွင် Cash for Work စီမံကိန်းအမည်ဖြင့် ငွေစာရင်းရှင်တစ်ခုဖွင့်လှစ်ရမည် ဖြစ်ပြီး မြို့နယ်ကျေးလက်ဦးစီးဌာနသည် စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ကျေးရွာသို့ ငွေထုတ်ပေးသည့်အခါတွင် ချက်လက်မှတ်ဖြင့် ထုတ်ပေး ရမည်။

## ၆။ လုပ်သားများ စီမံခန့်ခွဲခြင်း

၅၈။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ(TPIC)မှ ခွင့်ပြုချက်ရရှိပြီး သော လုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသို့ အသိပေးရမည်။ ခွင့်ပြုချက်ရရှိပြီးသော စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ လုပ်သားစီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲရမည်။ လုပ်သားစီမံခန့်ခွဲမှုအစီအစဉ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏအပေါ်မူတည်၍ လုပ်သား Assign ခွဲပေးခြင်း၊ လုပ်ငန်းအမျိုးအစား အလိုက်လုပ်သားများ စိစစ်ခြင်း၊ လုပ်သားများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်စေရန် အစီအစဉ် ရေးဆွဲထားရမည်။

၅၉။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ရက်လျှင် အိမ်ထောင်စုတစ်စုမှ တစ်ဦး သာလျှင် အလုပ်လုပ်ခွင့်ရရှိမည်ဖြစ်သည်။ အိမ်ထောင်စုတစ်စုလျှင် အလုပ်လုပ်ရက် အနည်းဆုံး (၂၀) ရက် ရရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိရမည်။

## ၇။ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၆၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မြို့နယ်ကျေးလက်ဦးစီးရုံးမှ တွက်ချက်အတည်ပြုထားသည့် ဒီဇိုင်းနှင့် ခန့်မှန်းခြေတွက် ချက်မှုများအတိုင်း စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင် ရွက်ရန်၊

(ခ) လုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ကျေးရွာကော်မတီနှင့် ရပ်မိရပ်ဖများမှ ရွေးချယ်ထားသော အကျိုးခံစားခွင့်ရရှိသည့်အိမ်ထောင်စုများမှ လုပ်သားများကိုသာ အသုံးပြုရန်နှင့် ကျေးရွာတွင် ကျွမ်းကျင်လုပ်သား မရှိပါက ပြင်ပမှ ငှားရမ်းဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးရေး ဆောင်ရွက်ရန်၊

(ဃ) စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ (ECOPs) ကိုလိုက်နာဆောင်ရွက်ရန်။

၆၁။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးရမည်။

## ၇-၁။ ကျေးရွာအဆင့် ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ

၆၂။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပစ္စည်းများဝယ်ယူခြင်းနှင့် ကျွမ်းကျင်လုပ်သားစုများငှားရမ်းရာတွင် အောက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) မြို့နယ်ကျေးလက်ဦးစီးမှ အကြံပြုသော ဈေးဆိုင်များနှင့် ကော်မတီဝင်များမှ စုံစမ်းရရှိသော ဈေးဆိုင်များ၊ စုစုပေါင်းအနည်းဆုံး ဈေးဆိုင် (၃) ဆိုင်အား ကော်မတီဝင်များမှ ဈေးနှုန်းစုံစမ်းမှုပြုလုပ်၍ ပစ္စည်းအရည်အသွေး သင့်လျော်ကောင်းမွန်ပြီး ဈေးနှုန်းအနည်းဆုံး ရောင်းချသည့်ဆိုင်မှ ဝယ်ယူရမည်။ ဈေးနှုန်းနှိုင်းယှဉ်မှု ပြုလုပ်ရန်အတွက် ဒေသတွင်း ဈေးဆိုင်များကို ထည့်သွင်း စဉ်းစားရမည်။

(ခ) အကယ်၍ ဈေးနှုန်းနှိုင်းယှဉ်ရန် ဈေးဆိုင်(၃)ဆိုင် မရှိသည့် အခြေအနေတွင် လည်းကောင်း၊ ရရှိနိုင်သည့်ဈေးဆိုင်၏ ဈေးနှုန်းများမှာ ဒေသပေါက်ဈေး (သို့မဟုတ်) အင်ဂျင်နီယာတွက်ချက်မှုထက် များပြားနေလျှင် သော်လည်းကောင်း၊ သင့်လျော်သည့် ဈေးဆိုင်မှ တိုက်ရိုက်ဝယ်ယူနိုင်ရန် ကျေးလက်ဦးစီး သို့ ကြိုတင်အကြောင်းကြား၍ ဆောင်ရွက်ရမည်။

(ဂ) ဝယ်ယူသည့် ပစ္စည်းများသည် အင်ဂျင်နီယာတွက်ချက်မှုပါ အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရမည်။ အကယ်၍ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသည့်ပစ္စည်းများ မရရှိနိုင်ပါက မြို့နယ်ကျေးလက်ဦးစီးသို့ ကြိုတင်အကြောင်းကြား၍ အကြံဉာဏ်ရယူဆောင်ရွက်ရမည်။

(ဃ) အမျိုးအစားတူသော ပစ္စည်းများ ထပ်မံဝယ်ယူရန် လိုအပ်ပါက မူလဝယ်ယူခဲ့သည့် ဈေးဆိုင်မှ မူလဝယ်ယူခဲ့သည့် ပစ္စည်းတန်ဖိုး၏ (၁၅ %) ရာခိုင်နှုန်းထက်မပိုသော အမျိုးအစားတူပစ္စည်းများကို ဈေးနှုန်း နှိုင်းယှဉ်မှု ပြုလုပ်ရန် မလိုအပ်ဘဲ တိုက်ရိုက် ဝယ်ယူနိုင်သည်။

(င) ငွေကြေးတန်ဖိုး (၁)သိန်းနှင့်အောက် တန်ဖိုးရှိ ပစ္စည်းများကို အင်ဂျင်နီယာ တွက်ချက်မှုပါ ဈေးနှုန်းထက် မပိုပါက သင့်ရာနည်းဖြင့် တိုက်ရိုက်ဝယ်ယူနိုင်သည်။

(စ) ကျွမ်းကျင်လုပ်သားစုများ ငှားရမ်းရာတွင် လုပ်ငန်းကျွမ်းကျင်မှု၊ အချိန်မှီပြီးစီးနိုင်သည့် အင်အား/အစုအဖွဲ့ နှင့် လုပ်အားခကြေးငွေတို့ကို အခြေခံ၍ ချင့်ချိန်ငှားရမ်းရမည်။ ဒေသတွင်း ကျွမ်းကျင်လုပ်သားစုများကို ဦးစားပေးငှားရမ်းရန်နှင့် ဒေသတွင်းမှ သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံသည့် လုပ်သားအင်အားစုများကို ညီတူညီမျှ ငှားရမ်းသုံးစွဲရမည်။

(ဆ) ပစ္စည်းများဝယ်ယူခြင်းအတွက် ပစ္စည်းရောက်ငွေချေစနစ်ကိုအသုံးပြုရန်နှင့် ကျွမ်းကျင် လုပ်သားစုများ ငှားရမ်းခြင်းအတွက် လုပ်ငန်းပြီးစီးမှုအလိုက် (သို့မဟုတ်) နေ့တွက် လုပ်အားခ နှုန်းထားဖြင့် ငွေပေးချေမှု ပြုလုပ်ရမည်။ အကယ်၍ ကြိုတင်ငွေ ပေးချေရန် လိုအပ်ခဲ့ပါက တာဝန်ခံကော်မတီဝင်များအနေဖြင့် ကျေးလက်ဦးစီးတာဝန်ရှိသူထံသို့ ကြိုတင်တင်ပြ အကြံဉာဏ်ရယူ ဆောင်ရွက်ရမည်။

## ၈။ စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် စီမံကိန်းပိတ်သိမ်းခြင်း

### ၈-၁။ စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း

၆၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိ/မရှိ၊ လုပ်အားခများ အပြည့်အဝ ပေးချေခြင်း ရှိ/ မရှိ၊ ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေသုံးစွဲမှုများ စနစ်ကျ မှန်ကန်ခြင်း ရှိ/မရှိ၊ လုပ်ငန်းများ ပြီးစီးခြင်း ရှိ/မရှိ နေ့စဉ်စောင့်ကြည့် စစ်ဆေးရမည်။ ကျား/မ လုပ်သားပါဝင်မှု အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထား ရှိရမည်။

၆၄။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများကို အချိန်နှင့် တစ်ပြေးညီစဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမည်ဖြစ်ပြီး ယင်းရလဒ်များအပေါ်မူတည်၍ လုပ်ငန်း တစ်ခုချင်းဆီအလိုက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းပြီးစီးမှုများကို မှတ်တမ်းဓါတ်ပုံများနှင့်တကွ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ တင်ပြအစီရင် ခံရမည်ဖြစ်ပါသည်။

၆၅။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ ဖြည့်သွင်းနိုင်ရန် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ပံ့ပိုးကူညီပေးသွားရမည်ဖြစ်ပါသည်။ မြို့နယ်ကျေးလက်ဦးစီးရုံးသည်

ကျေးရွာမှဆောင်ရွက်သော လုပ်ငန်း များအား အမြဲမပြတ် ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာကော်မတီ၏ ရန်ပုံငွေသုံးစွဲမှု အခြေအနေနှင့် စာရင်းများအား စစ်ဆေးရမည်။

၆၆။ သက်ဆိုင်ရာခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဦးစီးရုံးတို့မှလည်း ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည်။ လုပ်ငန်းတိုးတက်မှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကျေးလက်ဦးစီးဌာန (ရုံးချုပ်)သို့ အချိန်နှင့်တစ်ပြေးညီတင်ပြရမည်။

## ၈-၂။ စီမံကိန်းပိတ်သိမ်းခြင်း

၆၇။ စီမံကိန်းလုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပါက မြို့နယ်ကျေးလက်ဦးစီးရုံးသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ စီမံကိန်းလုပ်ငန်းများဆောင်ရွက်သည့် နေရာများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရမည်။ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ/မရှိ၊ ရန်ပုံငွေများ စနစ်တကျ သုံးစွဲခြင်း ရှိ/ မရှိ စစ်ဆေးအတည်ပြုရမည်။

၆၈။ သင့်လျော်သော နေ့ရက်တွင် ကျေးရွာလူထုအား ဖိတ်ကြား၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရန်ပုံငွေသုံးစွဲမှု အခြေအနေများအား ပွင့်လင်းမြင်သာမှုရှိစွာ ရှင်းလင်းချပြရမည်။ ဆောင်ရွက်ပြီးလုပ်ငန်းများအား ကျေးရွာကော်မတီထံ လွှဲပြောင်းပေးရမည်။

## အခန်း(၃)

## လုပ်ငန်းတာဝန်များ

### ၁။ ကျေးရွာအဆင့်လုပ်ငန်းတာဝန်များ

၆၉။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စီမံကိန်းအကြောင်း ကျေးရွာသူ/သားများသိရှိစေရန် ရှင်းလင်းပြောကြားခြင်း၊

( ခ) ကျေးရွာအတွက်လိုအပ်သည့် သတ်မှတ်ချက်နှင့် ကိုက်ညီသော ဦးစားပေးလုပ်ငန်းများကို အများသဘောတူရွေးချယ်နိုင်စေရန် ကူညီဆောင်ရွက်ပေးခြင်း၊

( ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်ကျေးရွာကိုယ်စားမြို့နယ်ကျေးလက်ဦးစီးရုံးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးသဘောတူစာချုပ်ချုပ်ဆိုခြင်း၊

(ဃ) စီမံကိန်းလုပ်ငန်းအဆိုပြုလွှာများပြင်ဆင်ခြင်းနှင့်မြို့နယ်ကျေးလက်ဦးစီးရုံးထံသို့တင်ပြခြင်း၊

( င) အတည်ပြုထားသော ဖွံ့ဖြိုးရေးလုပ်င န်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( စ) မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် ရရှိသောရန်ပုံငွေအား အများပိုင်ငွေကြေးအဖြစ်ခံယူ၍ ပျောက်ဆုံး၊ ပျက်စီး၊ လေလွင့်၊ ဆုံးရှုံးခြင်းမရှိစေရန် ဂရုပြုထိန်းသိမ်းခြင်း။ အကယ်၍ ကော်မတီဝင် တစ်ဦးဦးကြောင့် ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက တာဝန်ယူ ဖြေရှင်းခြင်း၊

(ဆ) စီမံကိန်းမှ သတ်မှတ်ထားသော ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်အညီ ပစ္စည်းများ ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း၊

( ဇ) သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ လုပ်အားခပေးချေခြင်း၊

( ဈ) စီမံကိန်းမှသတ်မှတ်ထားသော ငွေကြေးစီမံခန့်ခွဲမှု လမ်းညွှန်ချက်များနှင့်အညီ ရန်ပုံငွေအား စနစ်တကျသုံးစွဲခြင်း၊ စာရင်းဇယားများ ပြုစုခြင်း၊

(ည) မိမိကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများအား စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံတင်ပြခြင်း၊

( ဋ) လုပ်ငန်းဆောင်ရွက်အခြေအနေနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများအား ကျေးရွာ လူထုထံ ပွင့်လင်းမြင်သာမှုရှိစွာ ရှင်းလင်းချပြခြင်း၊

( ဌ) ဝေဖန်အကြံပြုချက်များအား ဖြေရှင်းခြင်း၊

( ဍ) စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်ပါ ညွှန်ကြားချက်များနှင့် အညီ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မြို့နယ်ကျေးလက်ဦးစီးရုံးမှ အခါအားလျော်စွာ ထုတ်ပြန်သော လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ခြင်း။

### ၂။ မြို့နယ်အဆင့်လုပ်ငန်းတာဝန်များ

၇၀။ မြေပြင်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊လုပ်ငန်းလည်ပတ် ခြင်း၊ ရန်ပုံငွေများစီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းစဉ်များကို မြို့နယ်ကျေးလက် ဦးစီး ဌာနမှ တာဝန်ယူဆောင်ရွက်သွားရမည်။

၇၁။ မြို့နယ်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) စံသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းကျေးရွာများရွေးချယ်ခြင်းကို မြို့နယ်ရှိသင့်တော်သော မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ် ပါသည်၊

(ခ) မြို့နယ်အဆင့် စီမံကိန်းမိတ်ဆက်အစည်းအဝေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ဦးဆောင်မှုဖြင့် ရွေးချယ်ခံရသော ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ပါဝင်ပြီးဆောင်ရွက်သွားရန် ဖြစ်ပါသည်၊(COVID–19 ကာလဖြစ်သဖြင့် မြို့နယ်စီမံကိန်းမိတ်ဆက် အစည်းအဝေးများ ဆောင်ရွက်နိုင်ခြင်းမရှိပါ)

(ဂ) ကျေးရွာများမှရွေးချယ်ထားသည့် စီမံကိန်းလုပ်ငန်းခွဲများကို စီမံကိန်းရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ကျေးလက်ဦးစီးမှ စံသတ်မှတ်ချက်များနှင့်အညီ ဒီဇိုင်းရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းတွက်ချက်ခြင်းများ ဆောင်ရွက်ရမည်၊

(ဃ) ကျေးရွာမှ စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ပြီးပါက စုစည်း၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (Township Planning and Implementation Committee – TPIC) အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်းကို ဆောင်ရွက်ရမည်၊

(င) TPIC သို့ အတည်ပြုချက်တင်ပြထားသော စီမံကိန်းလုပ်ငန်းခွဲစာရင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ပေးပို့တင်ပြရမည်၊

(စ) စီမံကိန်းကာလတစ်လျှောက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုများအား တိုင်းဒေသကြီးနှင့်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ပေးပို့တင်ပြရမည် ဖြစ်ပါသည်။

## ၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းတာဝန်များ

၇၂။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကျေးလက်ဦးစီးဌာနများမှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်း၊ လိုအပ်သည့် အုပ်ချုပ် ထောက်ပံ့မှုကိစ္စရပ်များ ကူညီပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇၃။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် တာဝန်ရှိဝန်ထမ်းများအား စီမံကိန်းဆောင်ရွက်မည့် စီမံချက်အား ရှင်းလင်းပြောကြားရမည်၊

( ခ) စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့် အကျိုးခံစားခွင့်/ အလုပ်လုပ်မည့် အိမ်ထောင်စုများ ရွေးချယ်ရာတွင် စံထားရမည့်အချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းအား စီမံခန့်ခွဲမှု၊ စောင့်ကြည့်ကြီးကြပ်ခြင်းအစီအစဉ်၊ လိုက်နာရမည့် စည်းကမ်းသတ်မှတ် ချက်များနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်းဆိုင်ရာများကို ဆွေးနွေးခြင်းများ ဆောင်ရွက် ရမည်၊

(ဂ) မြို့နယ်များမှ တင်ပြလာသော စီမံကိန်းလုပ်ငန်းခွဲများကို စီမံကိန်းရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ် ကြီးကြပ်ဆောင်ရွက်သွားရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်များမှ တင်ပြလာသော စီမံကိန်းနှင့်ပတ်သက်သည့် သတင်း အချက် အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများကို စိစစ် ကြီးကြပ်ဆောင်ရွက်သွားရမည်၊

(င) လိုအပ်ပါကသက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ညှိနှိုင်း ဆောင် ရွက်ရမည်၊

## ၄။ ပြည်ထောင်စုအဆင့် လုပ်ငန်းတာဝန်များ

၇၄။ ပြည်ထောင်စုအဆင့်တွင်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တာဝန်ရှိဝန်ထမ်းများအတွက်ပြုလုပ်သော စီမံကိန်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဦးဆောင်ပြုလုပ်မည်ဖြစ်ပြီး Video Conferencing စနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါ သည်၊

( ခ) ထိုအလုပ်ရုံဆွေးနွေးပွဲတွင်စီမံကိန်းကာလ၊ အကျိုးခံစားခွင့်ရှိ ကျေးရွာ/အိမ်ထောင်စုများ ရွေးချယ်ရာတွင် စံထားရမည့်အချက်များ၊ စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ စောင့်ကြည့် ကြီးကြပ်ခြင်းအစီအစဉ်၊ တိုးတက်မှုအစီရင်ခံစာနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်းဆိုင်ရာ များကို ဆွေးနွေးသွားမည် ဖြစ်ပါသည်၊

( ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှတဆင့် တင်ပြလာသော မြို့နယ်များမှ လုပ် ဆောင်မည့်စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာ များကို စိစစ်ကြီးကြပ် ဆောင်ရွက်သွားရမည်။

(ဃ) လိုအပ်ပါက သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင် ရွက်သွားမည် ဖြစ်ပါသည်။

# အခန်း(၄)

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များနှင့် လုပ်ငန်းလမ်းညွှန်ချက်များ

## ၁။ နိဒါန်း

၇၅။ Cash For Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သော သဘာပတ်ဝန်းကျင်ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးအောင်စီမံခန့်ခွဲရန်နှင့် ခံနိုင်ရည်ရှိစေရန် လူထုဗဟိုပြုစီမံကိန်းတွင်ရေးဆွဲထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (ESMF) ကို အသုံးပြုရမည်။ ပတ်ဝန်းကျင်ထိခိုက်စေမှုမှ တားဆီးကာကွယ်ရန်၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ (ECoPs) ကို ဤအခန်းတွင် ဖော်ပြထားပါသည်။ (ECoPs) တွင် စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား တစ်မျိုးချင်းစီအတွက် ဖြစ်ပေါ်လာနိုင်သော သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ခြေရှိမှုများအား ကာကွယ်နိုင်သည့် နည်းလမ်းများကို အသေးစိတ် ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းတို့ကို ဒေသအနေအထားနှင့် လျော်ညီအောင် ထည့်သွင်းစဉ်းစား ဒီဇိုင်းချရေးဆွဲထားသည်။ လွယ်ကူရိုးရှင်းမှု ရှိပြီး စီမံကိန်း၏အကျိုး ကျေးဇူးကို အဓိက ခံစားရမည့် ဒေသခံပြည်သူများ တိုက်ရိုက်အသုံးပြုနိုင်သည်။

## ၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ အသုံးချပုံနည်းလမ်းလုပ်ငန်းစဉ်

၇၆။ ကျေးလက်ဦးစီးမှ တာဝန်ခံအင်ဂျင်နီယာများ၏ အကူအညီဖြင့် ကျေးရွာသူ/ရွာသားများ၊ များသည် စီမံကိန်းလုပ်ငန်းခွဲများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် (ECoPs) အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို စီမံကိန်းတွင် ထည့်သွင်းရေးဆွဲရန်နှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ကျင့်ဝတ်များအသုံးချပုံနည်းလမ်း လုပ်ငန်းစဉ်များကို တာဝန်ခံအင်ဂျင်နီယာ ရှင်းလင်း သင်ကြား ပေးရမည်။ တာဝန်ခံအင်ဂျင်နီယာသည် နည်းပညာဆိုင်ရာဒီဇိုင်းများရေးဆွဲရာနှင့် အကောင်အထည် ဖော် တည်ဆောက်ရာ တို့တွင် အဆိုပါနည်းလမ်း/ လုပ်ငန်းစဉ်တို့ကို လိုက်နာကျင့်သုံးရန် တာဝန် ရှိသည်။ ဤသို့ (ECoPs) အတိုင်း လိုက်နာဆောင်ရွက်နေမှုကို တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများမှ ကြီးကြပ်ကွပ်ကဲရမည်။

၇၇။ စီမံကိန်းမှ ရန်ပုံငွေထောက်ပံ့ထားသော စီမံကိန်းလုပ်ငန်းခွဲတိုင်းသည် (ECoPs) ကိုလိုက်နာရမည်။(ECoPs) နှင့်လုံလောက်မှုမရှိဘဲ ပိုမိုထိခိုက်နိုင်ခြေရှိသော လုပ်ငန်းများကို “သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)” (သို့မဟုတ်) “သဘာဝပတ်ဝန်းကျင်နှင့်

ရပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ စီမံခန့်ခွဲမှုအစီအစဉ် (PCR)” ရေးဆွဲပြီးမှသာ ဆောင်ရွက်ရမည်။

၇၇။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များနှင့် ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်သည်။ Cash For Work စီမံကိန်းမှာ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုထားပြီး အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ အနေဖြင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူး တွင်းများတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကိုသာ ခွင့်ပြုထားသည်။ **မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသောမြေ(သို့) ပုဂ္ဂလိကပိုင်မြေပေါ်တွင် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်းမှ ခွင့်ပြုမည်မဟုတ်ပါ။** ကျေးရွာမှသဘောတူညီချက်ဖြင့် ဆန္ဒအလျောက်မြေယာလှူဒါန်းမှုရှိပါက ဆန္ဒအလျောက်မြေယာလှူဒါန်း ခြင်းပုံစံဖြည့်သွင်းပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။

## ၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်လမ်းညွှန်ချက်များ

### ၃-၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များ

၇၈။ အောက်တွင်ဖော်ပြထားသည့် ဇယားသည် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ယေဘူယျလမ်းညွှန်ချက် များဖြစ်ပါသည်။

ဇယား၅-၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECOPs) ယေဘူယျလမ်းညွှန်ချက်များ

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆူညံသံ | (က) ကျေးရွာလူထုနှင့်ကြိုတင်ညှိနှိုင်း၍အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနှောက်အယှက် ဖြစ်နိုင်ခြေအနည်းဆုံး အချိန်တွင် လုပ်ကိုင်ရမည်။<br>(ခ) ကာရံခြင်း/ပိတ်ဆို့ခြင်း/လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊အသံတိုး သောပစ္စည်းများအားအသုံးပြုခြင်းဖြင့်လည်းကောင်း၊ကြီးမြန်သစ်ပင် များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှု ကိုထိန်းချုပ်ရမည်။<br>(ဂ) ရွာတွင်းမှဖြတ်သန်း၍ပစ္စည်းများအားသယ်ယူပို့ဆောင်ခြင်းကိုအနည်း ဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း။<br>(ဃ) လူနေအိမ်ခြေနှင့်စီမံကိန်းဇုန်ကြားတွင်သစ်ပင်တန်း/ကွက်လပ်/စိုက် ခင်းစသည်တို့ ခြားထား ခြင်းဖြင့် ဆူညံမှုကိုတားဆီးခြင်း။ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| မြေဆီလွှာတိုက်စားခြင်း | (က)ကုန်းစောင်းများ/ဆင်ခြေလျှောများအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ခြင်း၊<br>(ခ) မြက်ခင်းစိုက်ပေးခြင်း၊ဖိအားဒဏ်ခံနိုင်သောမြေဖို့ပေးပြီးသိပ်သည်းအောင်ဆောင်ရွက်ခြင်း၊<br>(ဂ) ဆောက်လုပ်ရေးလုပ်ငန်းပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/အကြီးမြန်သစ်ပင်/ ချုံပင်များပြန်လည်စိုက်ပျိုးပေးခြင်း၊<br>(ဃ) တည်ဆောက်ပြီးစီးသောအခါရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်ပေးရမည်။ မတ်စောက်လွန်းသော ရေဆင်းဖြစ်ပါက ထန်းခေါက်ဖျာ/ ဂုန်နီစစသည်တို့ခင်းပေးနိုင်သည်။ |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင်ဖုန်မထစေရန်အချိန်မှန်ရေဖျန်းပေးရမည်။<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန်သစ်ရွက်ခြောက်/အမှိုက်များအားမီးမရှို့ရ။<br>(ဂ) လေတိုက်သောနေ့တွင် သဲကျောက်များ လေနှင့်အတူပါသွားခြင်း/ အကောင်များကြောင့် လွင့်စင်သွားခြင်းမရှိစေရန် ဖုံးအုပ်ထားရမည်။ |
| ရေရရှိရေးနှင့်ရေ၏အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်သောက်သုံးရေရရှိမှုနှင့်ကျန်းမာ၊သန့်ရှင်းရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးထိခိုက်စေနိုင်သည့်မိလ္လာအညစ်အကြေး၊အမှိုက်၊ အဆိပ်အတောက် ဖြစ်စေမည့် အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအားရေထဲသို့ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကိုပိတ်ဆို့ခြင်း၊လမ်းလွှဲခြင်းမပြုရ။ မြစ်၊ ချောင်းကြမ်းပြင် ခြောက်သွေ့ စေခြင်း/ အနည်ထိုင်သောင်ထွန်းခြင်းတို့ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင်လုပ်ကိုင်ရပါကတတ်နိုင်သမျှ ခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်းခွဲခြားထားရမည်။ |
| အမှိုက်/အဆိပ်အတောက်နှင့်အန္တရာယ်ဖြစ်စေ | (က) ဆောက်လုပ်ရေးအမှိုက်သရိုက်များကို သတ်မှတ်ထားသော နေရာတွင်သာ စနစ်တကျ စွန့်ပစ်ရမည်။ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| သောပစ္စည်းများ | (ခ) အမှိုက်ပုံ(ဖောင်ဒေးရှင်းအတွက်တူးထားသောမြေအပါအဝင်) သည် မြစ်/ချောင်း/ရေကန်စသည့် ရေထွက်ပင်ရင်းနှင့်အနည်းဆုံးမီတာ (၃၀၀) ၊(ပေအားဖြင့်၁၀၀၀) ကွာဝေးရမည်။<br><br>(ဂ) ဆီဖြည့်ခြင်း၊အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာ တွင်ဆောင်ရွက်ရမည်။ ရေမြောင်းမှမီတာ(၅၀)၊ ပေ(၁၆၅)နှင့်အထိက ကျသောရေထွက် ပင်ရင်းမှ မီတာ(၁၀၀)၊ပေ(၃၃၀) ကွာဝေးစေရမည်။<br><br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအားသယ်ယူပို့ ဆောင်ရသည့် အလုပ်သမားများ ကိုလည်းလက်အိတ်၊ ဖိနပ်၊ခါးစည်း အဝတ်၊မျက်မှန်နှင့် အခြားကာကွယ်ရေးပစ္စည်းများအား အသုံးပြု တတ်အောင်ပညာပေး/လေ့ကျင့်ပေးရမည်။<br><br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သောဆီပေအဝတ်၊ဆီ စစ်၊ ဆီအဟောင်းများ အားစနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေ နှင့် မြေကြီးကိုညစ်ညမ်းမှုဖြစ်စေနိုင်သောအသုံးပြုပြီး ဆီအကြွင်း အကျန်များကိုမြေထုနှင့်ရေထုပေါ်သို့တိုက်ရိုက်မစွန့်ပစ်ရ။အကယ်၍ ကျေးလက်လူထုသည်မလွဲမရှောင်သာစွန့်ပစ်ရန်လိုအပ်ပါကလုံခြုံ စိတ်ချရ သောစွန့်ပစ်မှုစနစ်ကိုကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီးဆီ များကို လောင်စာအဖြစ်အသုံးပြုခြင်း၊ကြမ်းတိုက်ခြင်း၊ရေနံချေးနှင့် ရောစပ်၍အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်း ရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှု များကိုစီမံကိန်းအကောင် အထည်ဖော်မှုအစီအစဉ်ရေးဆွဲစဉ် ကတည်းကအောက်ပါအချက်များကိုထည့်သွင်းစဉ်းစားရန်လိုအပ်သည်-<br><br>(၁) **လုပ်ငန်းခွင်နေရာ-** လူမှုထိခိုက်နိုင်ချေရှိသည့်အရာများကို ဖယ်ရှား ခြင်း (သို့မဟုတ်) သတိပေးဆိုင်းဘုတ်ထားရှိခြင်း<br><br>(၂) **လုပ်ငန်းခွင်အတွင်းရှိဆောက်လုပ်ရေးလုပ်သားများ -** ဆောက်လုပ် ရေး လုပ်သားများသည် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား အလိုက်၎င်းတို့၏ကျွမ်းကျင်မှုနှင့်ကျန်းမာကြံ့ခိုင်မှုရှိရန်လိုအပ်ခြင်း<br><br>(၃) **အသုံးပြုသောစက်ယန္တရားများ -** စက်ယန္တရားများအား ကျွမ်းကျင် စွာအသုံးပြုနိုင်မှုရှိ/ မရှိစစ်ဆေးခြင်း၊အဆိုပါ ယန္တရားများကို |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | လုံခြုံစိတ်ချစွာအသုံးပြုမှုနည်းစနစ်ဆိုင်ရာကျွမ်းကျင်မှုအသိပညာလိုအပ်ခြင်းရှိ/မရှိစစ်ဆေးခြင်း။<br>(ခ) အလုပ်သမားများအားဦးထုပ်၊ လက်အိတ်၊ဖုန်ကာကွယ်သည့်မျက်နှာဖုံး၊ဖိနပ်၊ခါးစည်းအဝတ်၊မျက်မှန်စသည့်ကာကွယ်ရေးပစ္စည်းများပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ၂မီတာအထက်မြင့်သောဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက်အောက်ဖော်ပြပါအတိုင်းအတာများကိုလိုက်နာပါ။<br>(၁) အောက်ခြေမှစ၍ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်။<br>(၂) အမြင့်တွင် လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံးဆွေစောင်းသူများ၊နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါခံစားနေရသူများ၊အိပ်ဆေး၊စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသောရောဂါဝေဒနာရှင်များနှင့်လွန်ခဲ့သော(၁၂)လအတွင်းချော်လဲ ထိခိုက်ဒဏ်ရာရရှိသူများအားလုပ်ဆောင်ခွင့်မပြုပါ။<br>(၃) အတွေ့အကြုံရှိပြီးလုပ်ငန်းကျွမ်းကျင်သောသူများကိုလုပ်ကိုင်ခွင့်ပြုသည်။<br>(၄) အမြင့်တွင်လုပ်ရသောအလုပ်များ (ဥပမာ- အမိုး) များတွင် လုပ်ဆောင်ပါကအန္တရာယ်ကင်းမှုရှိ/မရှိစစ်ဆေးရန်။<br>(၅) ပြိုကျပျက်ဆီးနိုင်သောနေရာများတွင် လုပ်ဆောင်ပါကကြိုတင်သတိပေးမှုများပြုလုပ်ရန်။<br>(၆) ရေနံဆီ၊အိမ်သုတ်ဆေးနှင့်မြေစာများစသည်တို့ကိုရှင်းလင်းထားရန်။<br>(၇) ဖြစ်နိုင်ပါကလုံခြုံရေး အကာကွယ်ပေးသည့် နည်းလမ်းများဖြစ်သည့်လုံခြုံရေးအကာအကွယ်ပစ္စည်းများ၊ငြမ်းစင်များ၊ဘားတန်းများကိုမြေပြင်မှ၄မီတာအကွာတွင်လုပ်ဆောင်သောလုပ်ငန်းများတွင်တပ်ဆင်ပေးရမည်။ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | (ဃ) လုပ်ငန်းခွင်သန့်ရှင်းရေးအားနေ့တိုင်းဆောင်ရွက်ရမည်။<br>(င) ဧရာမီးနှင့်အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသောနေရာတွင်စနစ်တကျစွန့်ပစ်ရမည်။<br>(စ) လူနေအိမ်ခြေနှင့်ဝေးရာတွင် အလုပ်သမားများအတွက်ကျန်းမာရေးနှင့်ညီညွတ်သည့် အိမ်သာကိုလုံလောက်စွာထားပေးရမည်။<br>(ဆ) ဆောက်လုပ်ရေးဧရိယာနှင့်ပစ္စည်းသိုလှောင်သောနေရာကိုကြိုးတား/ကြိုးဝိုင်းထားပြီးသတိပေးဆိုင်းဘုဒ်များတပ်ဆင်/ ပြသထားရမည်။ ၎င်းဧရိယာတွင်ကလေးငယ်များဆော့ကစားခြင်းကိုခွင့်မပြုရ။<br>(ဇ) မြေယူရန်တူးထားသောတွင်းများကို ရေမဝပ်စေရန်ဆောက်လုပ်ရေးလုပ်ဆောင်ပြီးနောက်မြေပြန်ဖို့ပေးရမည်။<br>(ဈ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင်(ပိုးသတ်ဆေး၊လိမ်းဆေး၊ပတ်တီး စသည့်ဆေးဝါးအစုံအလင်ပါသည့်)ဆေးသေတ္တာထားရှိရမည်။ |
| အခြားသော ရှောင်ကြဉ်ရန်များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်း (သို့မဟုတ်) သီးနှံခင်းများပျက်စီးစေခြင်းမရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊အပင်များမှခူးယူခြင်းမပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပသုံးစွဲခြင်း မပြုရ။ (ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှုသမိုင်းဝင်နေရာများအားရှောင်ကြဉ်ရမည်။<br>(င) အောက်ပါ အချက်များ စောင့်ကြည့်ကြီးကြပ်ပေးရမည်။<br>(၁) လုပ်ငန်းခွင် အတွင်း ကလေးသူငယ်များ မဝင်စေရန်။<br>(၂) ကလေးလုပ်သားများ အသုံးမပြုစေရန်။ |

## ၃-၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာဆိုင်ရာလမ်းညွှန်ချက်များ

၇၉။ အောက်ဖော်ပြပါဇယားသည် လုပ်ငန်းခွဲများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်း လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ပြန်လည် ကောင်းမွန်လာစေရန် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ ဖြစ်ပါသည်

ဇယား၅-၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECOPs) နည်းပညာပိုင်းလမ်းညွှန်ချက်များ

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့်ခံနိုင်ရည်ရှိရန်ပြင်ဆင်မှု |
|---|---|
| ကျေးရွာတွင်းရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း | (က) ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းရာတွင် ထွက်ရှိသော မြေစာများကို သတ်မှတ် ထားသော နေရာတွင် စွန့်ပစ်ရန်။ |
| ကျေးရွာတွင်းလမ်းများ၊ ကုန်ထုတ် လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း (လမ်းများပေါ်တွင်မြေပြိုမှုများရှိပါ ကဖယ်ရှားခြင်းလုပ်ငန်းများ အပါဝင်) | (က) လမ်းမျက်နှာပြင်မှရေများလိုရာသို့စနစ်တကျစီးဆင်းစေရန်လုံ လောက် သောအရွယ်အစားရှိသည့်ရေမြောင်းဖောက်ပေး ရမည်။<br>(ခ) လုပ်ငန်းဆောင်ရွက် ပြီးစီးပါက လုပ်ငန်းခွင်တွင် သစ်ပင်များ (မြက်ပင်များ၊ အကြီးမြန်သော သစ်ပင်များ) ပြန်လည်စိုက် ပျိုးပေးရမည်။<br>(ဂ) တောင်ပေါ်ဒေသတွင်လမ်းလုပ်ငန်းများ ဆောင်ရွက်ပါက လမ်း ဘေး တောင်စောင်း ဆင်ခြေလျှောနေရာများတွင် လေ့ကားထစ်ပုံစံ မြေကာ နံရံများ၊ မြေကြီးတူးခြင်း လုပ်ငန်း များကို ဆောင်ရွက်ပေးရန်၊ မတ်စောက် သောလျှောစောက် များတွင် တည်ငြိမ်မှုပိုမိုရရှိစေရန် လေ့ကားထစ်ပုံစံ မြေကာ နံရံများ တည်ဆောက်ပေးရမည်။<br>(ဃ) မြေကြီးများကို ရေထဲသို့ စွန့်ပစ်ခြင်းမပြုဘဲ ကျေးရွာမှ သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်။ |
| ရေကန်များ ခြံစည်းရိုးကာရံခြင်း/ တည်ဆောက်ပြုပြင်ခြင်း | (က) ဘိလပ်မြေအိတ်ခွံများ၊ ဆေးဘူးခွံများနှင့် အခြား ဆောက်လုပ် ရေးလုပ်ငန်း သုံးစွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်။ |
| ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူးတွင်းများ၊ ရေကန်များ အသစ်တည်ဆောက်ခြင်း/ ပြုပြင် ခြင်း၊ မြေသားရေကန်များ ပြုပြင်ခြင်း။ | (က) ရေတွင်းပတ်ပတ်လည်တွင်ရေဆင်းကောင်းစေရန်ကြမ်းခင်းကို ရေဆင်းကောင်းအောင် ဆောင်ရွက်ရမည်။ စက်သီးတပ်ဆင် ရန် တန်းတွင်ကြိုးနှင့်ရေပုံးတပ်ဆင်ပေးထားရမည်။ ကြိုးတစ် ကြိုးနှင့် ရေပုံတစ်ပုံးသာအသုံးပြုခြင်းသည် ကျန်းမာရေး အတွက် အညီညွတ်ဆုံးဖြစ်သည်။<br>(ခ) ပြုပြင်ထိန်းသိမ်းရေးနှင့်အရေးပေါ်ကိစ္စရပ်များအတွက် တွင်း နံရံတွင် သံခြေနင်း ကွင်းများတပ်ဆင်ထားရမည်။<br>(ဂ) စိမ့်တွင်းတွင်မျက်နှာဝကျယ်သဖြင့် သစ်ရွက်/အမှိုက်တို့မကျ စေရန် အဖုံး/ အမိုး/သံဆန်ခါတို့ဖြင့်ကာ/ဖုံးအုပ်ထားရမည်။<br>(ဃ) ရေတွင်းကိုမိလ္လာရေစုပ်ကန်၏ရေညာ(အထက်ဘက်)တွင်ဝေး နိုင်သမျှ ဝေးအောင်ဆောင်ရွက်စေရမည်။အနည်းဆုံး(ပေ-၅၀) အကွာထားရမည်။ |

| | |
|---|---|
| | ထို့ထက်နီးကပ်ပါကရေအရည်အသွေးကိုထိခိုက်စေနိုင်သည်။<br>ကျန်းမာရေးကိုလည်းထိခိုက်စေနိုင်သည်။<br>**<u>ရေထွက်ညစ်ညမ်းခြင်းမှကာကွယ်ခြင်း</u>**<br>(က) အမှိုက်များ၊သစ်ရွက်များမကျစေရန်အမိုးမိုးထားရမည်။<br>(ခ) ရေတွင်းရေကန်ကိုခြံစည်းရိုးခတ်ထားရမည်။<br>(ဂ) စိမ့်စမ်းရေစုကန်တိုင်း တွင်သဲ/ကျောက်စရစ်စစ်ကန်တို့ပါရှိရမည်။အချိန်မှန်ဆည်ပေးရန်လိုအပ်သည်။<br><br>**<u>ပိုက်သွယ်တန်းခြင်း</u>**<br>(က) ပီဗွီစီပိုက်ကိုထိခိုက်မှုမရှိစေရန် မြေကြီးအောက်လက်(၅၀စင်တီမီတာ)/လက်မ(၂၀)အထက်တွင်မြှုပ်နှံထားရမည်။ပီဗွီစီပိုက်သည်ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ထိတွေ့ပါကကြွပ်ဆတ်လွယ်/ ပျက်စီးလွယ်နိုင်သည်။<br>(ခ) ပိုက်လိုင်းကိုဖြောင့်တန်းစွာနှင့် ပုံသေအစောင်းအတိုင်း သွယ်တန်းရမည်<br>(ဂ) မြေကြီးတွင်မြှုပ်နှံ၍မရသောအခါ သံပိုက်ကိုထောက်တိုင်များ၊ကလစ်များဖြင့် ခိုင်မြဲစွာတပ်ဆင်သွယ်တန်းရမည်။<br>(ဃ) ရေစုကန်မှ ရေထွက်ပိုက်များသည် နေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင်သောကြောင့်သံပိုက်ကိုသာအသုံးပြုရမည်။<br>**<u>အခြား</u>**<br>(က)လုပ်ငန်းမဆောင်ရွက်မီ မြေယာပိုင်ဆိုင်သူများ၊ အခြားဆက်စပ်ဌာနများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်သင့်သည်။<br>(ခ) မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်များကိုရှောင်းရှားနိုင် စေရန် သင့်တော်သော လျောစောင်းများပြုလုပ်၍ မတ်စောက်မှု အနည်းဆုံး ဖြစ်အောင်ဆောင်ရွက်ရမည်။ |
| ဆိပ်ခံတံတားများ၊<br>တံတားငယ်များ<br>ပြုပြင်ထိန်းသိမ်းခြင်း။ | **တိုက်စားမှုကာကွယ်ခြင်း**<br>(က)တိုက်စားခြင်းကိုကာကွယ်ရန်သံဆန်ခါအသုံးပြုသောကျောက်စီမြေကာနံရံတည်ဆောက်ခြင်းနည်းကိုအဓိကအသုံးပြုနိုင်သည်။<br>(၁)သံဆန်ခါအသုံးပြုနိုင်သောကျောက်စီမြေကာနံရံ၏<br>အစောင်းကိုအလျား(၂)၊အမြင့်(၁)<br>အချိုးထားရှိရမည်။လုပ်ငန်းခွင်အခြေအနေအပေါ်မူတည်၍ပို၍လည်းမြင့်နိုင်သည်။<br><br>(၂)သံဆန်ခါအတွင်းအသင့်အတင့်မာကျောသည့်ကျောက်ကိုစေ့နေအောင်စီပေးရမည်။<br><br>(၃)သံဆန်ခါစူထွက်မလာစေရန်နန်းကြိုးဖြင့်တုပ်နှောင်ထားရမည်။ နန်းကြိုး ကိုသံဆန်ခါအမြင့်၏သုံးပုံတစ်ပုံတွင်ထား |

| | |
|---|---|
| | ၍တုပ်နှောင်ထားရမည်။<br>(၄)သံဆန်ခါအားရေတိုက်စားနိုင်သည့်အနက်၏အောက်တွင် ခိုင်မာစွာ တွဲနှောင်ထားရမည်။<br>(၅) လျှောစောက်တွင်ကျောက်မစီနိုင်ပါကမြေဆီလွှာပြန်ဖုံးကာ သစ်ပင်၊ မြက်ပင်များပေါက်ရောက်စေရမည်။<br>(ခ) တိုက်စားမှုဖြစ်နိုင်ခြေနည်းသည့်နေရာများတွင်သာကျောက်တုံး အခြောက်စီ မြေကာနံရံပြုလုပ်သင့်သည်။ရေစီးသန်သော နေရာများတွင်သံဆန်ခါသုံးမြေကာနံရံအားအချောကိုင်ပေးခြင်းက ပိုအဆင်ပြေသည်။<br><br>**ရေအရည်အသွေးနှင့်သတ္တဝါများ**<br>(က)ရာသီအလိုက်ရေတက်/ကျပြောင်းလဲမှုနှင့်အချိန်ကာလကိုရေထဲ နေနှင့် ရေစပ်ဝန်းကျင်နေသတ္တဝါများ၏ ရှင်သန်မှုကိုထိခိုက် လောက်အောင်ပြောင်းလဲမှုမဖြစ်စေရ။ (ဥပမာ။။မျိုးပွားမှု)<br>(ခ) ရေစီးတွင်နုန်းပို့ချမှုနည်းပါးစေရန်ရေလမ်းကြောင်းလွှဲပေးခြင်း၊ တမံတုပ်၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။<br>(ဂ) ရေစီးကြောင်း/ရေထဲသို့စီးဝင်နိုင်သော ရေဆင်းများနှင့်လွတ် ကင်းရာနေရာများတွင်သာကွန်ကရစ်ဖျော်စပ်ရမည်။<br><br>**Culvert များပြုပြင်ခြင်း**<br>(က)ကွန်ကရစ်အသားသေသည့်ရက်ကျော်လွန်သည့်အခါရေမြောင်း ခုံးကျော် အတွင်းတပ်ဆင်ခဲ့သည့်ပုံစံပြားများကိုဖြုတ်ပေးရ မည်။ မဖြုတ်ပါက တဖြည်းဖြည်းကွာကျလာပြီး ရေစီးကို ပိတ်ဆို့စေနိုင်သည်။<br>(ခ) ရေတိုက်စားခြင်းမှကာကွယ်ရန် ရေထွက်ပေါက်တွင်ကျောက် တုံးကြီးများ စီပေးထားရမည်။<br>(ဂ) အဝင်ဝတွင်သဲ၊ကျောက်များပိတ်ဆို့မနေစေရ၊ ရေကောင်းစွာ ဖြတ်သန်း စီးဆင်းစေရမည်။<br>(ဃ) ရေဆန်ဘက်တွင်သဲဖမ်းကန်တစ်ခုတူးပေးရမည်။ အချိန်မှန်သဲ ရှင်းပေးရမည်။<br>(င) လမ်းပေါ်မှရေသည်ရေမြောင်းထဲသို့လွတ်လပ်စွာစီးဝင်စေရမည်။ |
| သောက်သုံးရေ(သို့)အများသုံး ရေကန်များသို့ ရေဝင်လမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြုပြင်ခြင်း(၆၃ ကေအောက်) | (က) လျှောစောက်ကိုတိုက်စားသွားခြင်း မရှိစေရန် ကျောက်တုံး အခြောက်စီပေးခြင်းသို့မဟုတ်မြေထိန်းနံရံတည်ဆောက်ပေးရ မည်။<br>(ခ) စပါးခင်းနံဘေးဖြစ်ပါကဖိအားနည်းသဖြင့်ဝါးကိုအသုံးပြုရမည်။<br>(ဂ) ရေသွင်းမြောင်းအဝင် ရေညာတွင် (၂၀) မီလီမီတာအချင်းရှိ ရေဘားများကို (၁၀စင်တီမီတာ)/(၄) လက်မခြားပြီးဆန်ခါကို (၄၅မှ၈၀) ဒီဂရီမှီ၍ထောင်ထား၊ကာထားရမည်။ |

| | |
|---|---|
| အမှိုက်သိုလှောင်ကန်များ ရှင်းလင်းခြင်း(သို့) ပြုပြင်ခြင်း။ | (က) စွန့်ပစ်ပစ္စည်း များ စိမ့်ဝင်နိုင်ခြင်း (သို့) မြေအောက်ရေကို ကာကွယ်ရန် အတွက် စွန့်ပစ်ပစ္စည်းများ သည် မာကျောသော နေရာများပေါ်တွင် ဖြစ်သင့်သည်။<br>(က) စွန့်ပစ်ပစ္စည်းစွန့်ပစ်ရန် နေရာတွင် မသန့်ရှင်းသော ရေများ မဝင်နိုင်စေရန် အမိုးပါရှိသင့်သည်။ အမှိုက်များကို အချိန်မှန် စွန့်ပစ်ရန် လိုအပ်သည်။ |
| မြေဖို့လုပ်ငန်းများနှင့်မြေထိန်းနံရံများပြုပြင်တည်ဆောက်ခြင်း။ | (က) ကွန်ကရစ်လုပ်ငန်းများကို ရေလမ်းကြောင်းများနှင့် အတတ်နိုင်ဆုံး ခွဲခြားဆောင်ရွက်ရန်နှင့် ကွန်ကရစ်ဖျော်စပ်ခြင်း လုပ်ငန်းများကို ရေလမ်းကြောင်းသို့ စီးဝင်သည့် ရေမြောင်း များနှင့် ခွဲခြားထားရမည်၊<br>(ခ) မျောတိုင်ရိုက်ရာတွင် (၁) တန်မိုက်ဖြင့် ပုံမှန်ရိုက်ချက် (၁၀) ချက်တွင် မြေဝင် (၆) လက်မရသည်အထိ ရိုက်ရန်၊<br>(ဂ) ကျောက်ကြီးစီမြေထိန်းနံရံများတွင် ရေထွက်ပေါက် (Weep hole)များ မဖြစ်မနေ ထည့်သွင်းပေးရန်၊<br>(ဃ) Bio-Engineering ပြုလုပ်ပါက သံခြင်းနှင့်ကျောက်ကြီးစီခြင်း စနစ်ကို အသုံးပြုဆောင်ရွက်ရန်၊ |
| ကျေးရွာပိုင် အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်း | (က)အားကစားကွင်းသည် အန္တရာယ်ကင်းသော ဒီဇိုင်းဖြစ်သင့်သည်။<br>(ခ)လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| စာသင်ကျောင်းများ၊<br>ဆေးပေးခန်းများ၊<br>ကျေးရွာခန်းမနှင့်<br>ကျေးရွာဈေးများ<br>ပြုပြင်မွမ်းမံခြင်း။ | **အထွေထွေ**<br>(က)အဆောက်အအုံပတ်လည်တွင်ရေမဝပ်စေရန်လုံလောက်သော ရေမြောင်း ပါရှိရမည်။ရေဝပ်ခြင်းကြောင့်ပိုးမွှားများပေါက်ပွားနိုင်ပြီးငှက်ဖျားစသောရောဂါများဖြစ်ပွားနိုင်သည်။ကျန်းမာရေးနှင့်မညီညွတ်သောအခြေအနေများ မဖြစ်ပွားအောင် ဆောင်ရွက်ရမည်။<br>(ခ) ရေနှင့်မိလ္လာစနစ်ပါရှိရမည်။ဥပမာ။။အိမ်သာ၊လက်ဆေးကန်၊<br>(ဂ) ကျောက်ဂွမ်းဖြင့်ပြုလုပ်ထားသောအမိုးပြားများမသုံးရ။<br>(ဃ) ကြွေပြားကပ်ထားသောကြမ်းခင်းသည်ဆေးကြောသန့်စင်ရန် လွယ်ကူပြီး ကျန်းမာရေးနှင့်ညီညွတ်ကာအန္တရာယ်ကင်းရမည်။<br>(င) လုံလောက်သော မိလ္လာစနစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ၊ လိုအပ်ပါက မီး သတ်စနစ် များပါရှိရမည်။<br>(စ) လှေကားတွင် မသန်စွမ်းသူများအတွက် အနည်းဆုံး ဆင်ခြေလျှော(Ramp) တစ်ခုပါရှိရမည်။<br>(ဆ) ပစ္စည်းအသစ်များ မဝယ်ယူမီ ပစ္စည်းအဟောင်းများမှာ ပြန်လည် အသုံး ပြုနိုင်ခြင်း ရှိ/မရှိ သေချာစေရန်နှင့် အသုံးပြုနိုင်ပါက ပြန်လည်အသုံးပြုပါရန် နှင့် အသုံးပြုနိုင်ခြင်းမရှိပါက သေချာစွာ သိမ်းဆည်းထားရန်။ |

| | |
|---|---|
| | (က) စာသင်ကျောင်း/ဆေးပေးခန်းများ<br>• စာသင်ကျောင်းများနှင့်ကျန်းမာရေးဌာနခွဲများတွင်လေအေးပေးစက်မှလေထက်သဘာဝလေရရှိမှုကိုဦးစားပေးရန်နှင့်လျှပ်စစ်မီး၏အလင်းရောင်ထက်သဘာဝအလင်းရောင်ရရှိမှုကိုပိုမိုဦးစားပေးရန်၊ထို့အတွက်ကြီးမားသောပြတင်းပေါက်များဖြင့်တည်ဆောက်ပေးရန်။<br>(ခ) ကျန်းမာရေးဆေးရုံ/ဆေးခန်းများ :<br>• စမ်းသပ်ခန်း၊လူနာဆောင်များနှင့်လူနာများစောင့်ဆိုင်းရန်နေရာများသည်ကျယ်ဝန်း၍လေဝင်လေထွက်ကောင်းမွန်ရမည်။<br>• (သွေး၊ဆေးထိုးအပ်စသည်တို့ပါဝင်သော) စွန့်ပစ်ရန်အမှိုက်များကိုစနစ်တကျစွန့်ပစ်ရမည်။<br>(ဂ) ဈေးများ :<br>• သန်းရှင်းရေးပြုလုပ်ရန်လွယ်ကူသောကြွေပြားအခင်းများခင်းထားပြီးရေဆင်းကောင်းအောင်လျှောထားပြီးတည်ဆောက်ရမည်။<br>• အချိန်မှန်သိမ်းဆည်းနိုင်မည့်အမှိုက်ကန်ထားရမည်။<br>• ကုန်ပစ္စည်းအလိုက်ဈေးဆိုင်များ၊ပစ္စည်းတန်းများကိုခွဲခြားထားရမည်။<br>• မိုးရာသီတွင်အမိုးအကာများကိုရေမဝင်ရန်သေချာစွာမိုးကာထားရမည်။ |
| | (က)<br>(နောက်ဆက်တွဲ-၁၂)<br>(ခ) ကျန်းမာရေးဆေးရုံ/ဆေးခန်းများ :<br>(၁) စမ်းသပ်ခန်း၊လူနာဆောင်များနှင့်လူနာများစောင့်ဆိုင်းရန်နေရာများသည်ကျယ်ဝန်း၍လေဝင်လေထွက်ကောင်းမွန်ရမည်။<br>(၂) (သွေး၊ဆေးထိုးအပ် စသည်တို့ပါဝင်သော) စွန့်ပစ်ရန်အမှိုက်များကိုစနစ်တကျစွန့်ပစ်ရမည်။<br>(ဂ) ဈေးများ :<br>(၁) သန်းရှင်းရေးပြုလုပ်ရန်လွယ်ကူသောကြွေပြားအခင်းများခင်းထားပြီးရေဆင်းကောင်းအောင်လျှောထားပြီးတည်ဆောက်ရမည်။<br>(၂) အချိန်မှန်သိမ်းဆည်းနိုင်မည့်အမှိုက်ကန်ထားရမည်။<br>(၃) ကုန်ပစ္စည်းအလိုက်ဈေးဆိုင်များ၊ပစ္စည်းတန်းများကိုခွဲခြားထားရမည်။<br>(၄) မိုးရာသီတွင် အမိုးအကာများကို ရေမဝင်ရန်သေချာစွာမိုးကာထားရမည်။ |
| အများပြည်သူဆိုင်ရာ နေရာများ၊ | (က) စိုက်ခင်းတည်နေရာအတွက် ကျေးရွာလူထုနှင့် တိုင်ပင် ဆွေး |

| | |
|---|---|
| ရှိရင်းစွဲ ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊ ကျေးရွာအနီးရှိ ရေဝေရေလွှဲနေရာများအပါအဝင် ကျေးရွာပိုင်/အများပိုင် မြေများတွင် သစ်ပင်စိုက်ပျိုးခြင်း | နွေးရန်။<br>(ခ) သက်ဆိုင်ရာဌာန (ဥပမာ – သစ်တောဌာန) နှင့် ဆက်သွယ်ပြီး ပျိုးပင်များကိုစုဆောင်းရန်။<br>(ဂ) သက်ဆိုင်ရာဌာန၏အကြံပြုချက်များအရအပင် အမျိုးအစားအလိုက် တိတိကျကျတိုင်းတာပြီးမှသာ မြေကျင်းများ တူးဖော်ရန်။<br>(ဃ) သစ်ပင်တစ်ပင်အားအနည်းဆုံး ၅ပေခွာကာ သီးခြား စိုက်ရန်။<br>(င) ကျေးရွာလူထုမှ သစ်ပင်များအား ပြုပြင် ထိန်းသိမ်းရေး စီစဉ်ရန်။<br>(စ) (၁)ကလေးသူငယ်များအား လုပ်ငန်းခွင်အတွင်း မဝင်စေရန်နှင့် (၂)ကလေးလုပ်သားများ ခိုင်းစေခြင်းမပြုရန်အတွက် စစ်ဆေးကြီးကြပ်ရန်။<br>(ဆ) လိုအပ်ပါက (လက်အိတ်၊ ပါးစပ်/နှာခေါင်းစည်း (သို့) Masks၊ လုပ်ငန်းခွင်သုံးဦးထုပ်၊ ဘွတ်ဖိနပ်၊ မျက်မှန်) နှင့်ဆေးသေတ္တာ (First Aid Kit)အစရှိသော လုပ်ငန်းခွင်သုံးအကာအကွယ်ပစ္စည်းများကိုထောက်ပံ့ပေးရန်။ |
| သစ်တောဧရိယာနှင့် ထိစပ်နေသော ကျေးရွာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် ရှိရင်းစွဲ မီးတားလမ်းများအား ပြုပြင်မွမ်းမံခြင်း။ | (က) စက်ယန္တရားများအား အသုံးပြုမှုလျှော့ချရန်နှင့် လုပ်သားအသုံးပြုမှုတိုးမြှင့်ရန်။<br>(ခ) ပတ်ဝန်းကျင်သန့်ရှင်းရေးရေးအတွက် လုပ်ငန်းခွင်သို့ ရောက်ရှိချိန်တွင် စက်ကိရိယာများနှင့် ဖိနပ်များအား ဆေးကြော သန့်စင်ရန်လိုအပ်ပြီး၊ လုပ်ငန်းခွင်မှ မထွက်ခွာမီ ထပ်မံဆေးကြောသန့်စင်ရန်။<br>(ဂ) ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ရန်။<br>(ဃ) ခြုံနွယ်များကို မီးရှို့ခြင်းအား ရှောင်ရှားရန်။<br>(င)မီးတားလမ်းမြေနေရာရှင်းလင်းခြင်းအတွက် ပေါင်းသတ်ဆေးများအသုံးပြုခြင်း ကိုရှောင်ရှားရန်။<br>(စ) မီးတားလမ်းတလျှောက်ရှိရေမြောင်းများအား ကောင်းမွန်စွာထိန်းသိမ်းရန်။<br><br>အခြား<br>(က) မီးဘေးကာကွယ်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း များနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ အကြံဉာဏ်များ အတွက် သစ်တောဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန်။<br>(ခ) သက်ဆိုင်ရာဌာနများမှ သတ်မှတ်ချက်ထားသည့် မီးတားလမ်း၏အကွာအဝေး/ မီးတားလမ်းဒီဇိုင်းနှင့် သစ်ပင်ခုတ်ခြင်းများကို ရှောင်ရှားရန် စသောအချက်များ ကို လိုက်နာဆောင်ရွက် |

| | |
|---|---|
| | ရန်၊<br>(ဂ) (၁)ကလေးသူငယ်များအား လုပ်ငန်းခွင်အတွင်း မဝင်စေရန်နှင့် (၂)ကလေးလုပ်သားများ ခိုင်းစေခြင်းမပြုရန်အတွက် စစ်ဆေးကြီးကြပ်ရန်။<br>(ဃ) လိုအပ်ပါက (လက်အိတ်၊ ပါးစပ်/နှာခေါင်းစည်း (သို့) Masks၊ လုပ်ငန်းခွင်သုံးဦးထုပ်၊ ဘွတ်ဖိနပ်၊ မျက်မှန်) နှင့်ဆေးသေတ္တာ (First Aid Kit)အစရှိသော လုပ်ငန်းခွင်သုံးအကာအကွယ်ပစ္စည်းများကိုထောက်ပံ့ပေးရန်။ |
| ပြည်သူပိုင် ငါး၊ ပုစွန်နှင့်ဂဏန်း မွေးမြူရေးကန်များအား ပြုပြင်မွမ်းမံခြင်း။ | (က) ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည် ထိန်းသိမ်းရန်အတွက် ကောင်းမွန်သော မြေနေရာ ရရှိစေရန် သက်ဆိုင်သည့်ဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရန်။<br>(ခ) တူးဖော်သောမြေဆီလွှာများအား သတ်မှတ်ထား သည့်ဧရိယာတွင်သာ စွန့်ပစ်ရန်။<br>(ဂ) အနီးအနားရှိရေဝင်လမ်းမှုညစ်ညမ်းမှုများ ဖြစ်ပွားနိုင်မှုကြောင့် မိုးရာသီတွင် ငါး၊ ပုစွန်နှင့် ဂဏန်း မွေးမြူရေးကန် များအား ပြန်လည်မွမ်းမံခြင်းကိုရှောင်ကြဉ်ရန်။ |

## ၄။ စီမံကိန်းလုပ်ငန်းခွဲများအလိုက်နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ

၁၀။ လုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းခွဲ အမျိုးအစားအလိုက် အောက်ပါ နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

### ၁။ ကျေးရွာတွင်းရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်းတွက်ချက်မှုဒီဇိုင်းအတိုင်း ဆောင်ရွက်ရန်၊

(ခ) ရေမြောင်းမှစီးဆင်းလာသောရေအား စွန့်ထုတ်မည့်နေရာသတ်မှတ်ထားရန်နှင့်လိုအပ်ပါက မြေပိုင်ရှင်များနှင့်ကြိုတင်ဆွေးနွေးထားရန်၊

(ဂ) ရေမြောင်းများတူးဖော်မည်ဆိုပါက ရေမြောင်းတူးဖော်မည့် လမ်းတလျှောက်အနိမ့်အမြင့်Levelများကိုရေစီးဆင်းမှုကောင်းမွန်စေရေးအတွက်ဆောင်ရွက်ရန်၊

(ဃ) ရေမြောင်းတူးဖော်ရာမှ ထွက်လာသော မြေများကို သတ်မှတ်နေရာများတွင် စွန့်ပစ်ရန်(သို့) လမ်းပေါ်တွင်ခင်းမည်ဆိုပါက ရေဖြန်းပြီးသိပ်သည်းမှုရရှိအောင်ပြုလုပ်ပေးရန်၊

(င) ရေမြောင်းတူးဖော်ရာတွင် လိုအပ်သည့် ပစ္စည်းကိရိယာများ (ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ မြေသယ်ရန်ခြင်းတောင်းများ)ကိုစုဆောင်းထားရန်၊

(စ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင်သိရှိစေရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဆ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဇ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ည) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

**၂။ ကျေးရွာတွင်းလမ်းများ၊ ကုန်ထုတ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း(လမ်းများပေါ်တွင် မြေပြိုမှုများ ရှိပါက ဖယ်ရှားခြင်းလုပ်ငန်းများအပါဝင်)**

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ခ) လမ်းသားပြုပြင်ခြင်းနှင့် လမ်းပုခုံးပြုပြင်ခြင်းလုပ်ငန်းများတွင် လမ်းမျက်နှာပြင်ရေမတင်စေရန်နှင့် လမ်းအောက်ခြေသို့ ရေစိမ့်ဝင်မှု မရှိစေရန်အတွက် Camber 5% ထားရှိရန်၊

(ဂ) လမ်းသားပြုပြင်ခြင်းနှင့် လမ်းပုခုံးပြုပြင်ခြင်းလုပ်ငန်းများတွင် လမ်းမျက်နှာပြင်ကို ရေဖြန်းပြီး သိပ်သည်းမှုကောင်းမွန်အောင်ဆောင်ရွက်ရန်၊

(ဃ) လမ်းမျက်နှာပြင်သိပ်သည်းမှုရရှိစေရန် ကြိတ်စက်အသုံးမပြုဘဲတနိုင်တပိုင် သစ်သားတုံးများပြုလုပ်ကာ ကျေးရွာလူထု လုပ်အားဖြင့် ဒင်ဆောင့်၍ သိပ်သည်းမှုရရှိအောင်ပြုလုပ်ရန်၊

(င) လိုအပ်သော နေရာများတွင် တံတားငယ်များ(Box Culvert)၊ ရေပြွန်များ ထည့်ပေးရန်၊

(စ) တံတားများဆောင်ရွက်ရာတွင် ချောင်းနှင့် ထောင့်မှန်ကျဆောင်ရွက်ရန်၊

(ဆ) တောင်ပေါ်ဒေသလမ်းလုပ်ငန်းများ ဆောင်ရွက်ပါက လမ်းဘေး တောင်စောင်း ဆင်ခြေလျှောနေရာများတွင် လှေကားထစ်ပုံစံ မြေကာ နံရံများ၊ မြေကြီးတူးခြင်း လုပ် ငန်းများကို ဆောင်ရွက်ပေးရန်၊

(ဇ) ရေစီးရေလာကောင်းမွန်စေရန်နှင့် လမ်းပျက်စီးမှု မရှိစေရန် လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်ပေးရန်၊

(ဈ) လမ်းအကွေ့အကောက်များ၊ အတက်အဆင်းများကို ပြေပြစ်အောင် ဆောင်ရွက်ရန်၊

(ည) ရေမြောင်းဖော်မည့် လမ်းတစ်လျှောက် အနိမ့်အမြင့် Level များကို သိရှိအောင် ဆောင်ရွက်ထားရန်နှင့် ရေစီးဆင်းမှုကောင်း မွန်စေရေး ဆောင်ရွက်ရန်၊

(ဋ) ရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များဆုံသောနေရာတွင် ယာဉ်အဝင် အထွက်လွယ်ကူစေရန်နှင့် လမ်းသားပွဲမကျစေရန် Curve (ငါးကြင်းမြီး) ပုံစံပြုလုပ်ရန်၊

(ဌ) ပြိုကျသောမြေများကို ဖယ်ရှားရှင်းလင်းရာတွင် လိုအပ်သည့် ပစ္စည်း ကိရိယာများ (ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ မြေသယ်ရန် ခြင်းတောင်း စသည်)ကို စုဆောင်းထားရန်။

(ဍ) ပြိုကျသောမြေကြီးများအား မြစ်၊ ချောင်း၊ ကန်များအတွင်းသို့ စွန့်ပစ်ခြင်း မပြုရ၊ ကျေးရွာမှသတ်မှတ်ထားသော စွန့်ပစ်နေရာများတွင်သာ စွန့်ပစ်ရန်၊

(ဎ) ဖယ်ရှားရှင်းလင်းပြီးပါက အဆိုပါနေရာများတွင် အကြီးမြန်သောဒေသ ပေါက်ပင်များ၊ မြက်များစိုက်ပျိုးပေးရန်၊

(ဏ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိ ရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင် သိရှိစေရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခြင်း၊ အသံချဲ့စက်ဖြင့်ကြေညာခြင်း၊

ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(တ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ထ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(ဒ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဓ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

## ၃။ ရေကန်များ ခြံစည်းရိုးကာရံခြင်း/တည်ဆောက်ပြုပြင်ခြင်း။

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

(ဂ) ရေကန်ခြံစည်းရိုးဆောက်လုပ်မည့် မြေနေရာအား သေချာစွာရွေးချယ်ရန် နှင့်ခြံစည်းရိုးအား ရေကန်နှင့် အနည်းဆုံး (၄) ပေကွာ၍ ဆောင်ရွက်ရန်၊

(ဃ) ကွန်ကရစ်တိုင်များ ကျေးရွာလူထုကိုယ်တိုင်ဆောင်ရွက်မည်ဆိုပါက (၁၂ မီလီမီတာ) သံချောင်း အနည်းဆုံးသုံးချောင်းနှင့်(၈မီလီမီတာ) Stirrup ၆”c/c ကွင်းများဖြင့် ထည့်သွင်းဆောင်ရွက်ရန်၊

(င) ကွန်ကရစ်ကျောက်တိုင်ဖြင့် ခြံစည်းရိုးဆောင်ရွက်မည်ဆိုပါက မြေပြင်နှင့် ခြံစည်းရိုးလွတ်နေခြင်းမဖြစ်စေဘဲ မြေကာနံရံများ (Retaining Wall) များ ထည့်သွင်းဆောင်ရွက်ရန်၊

(စ) အုတ်မစီမီ အုတ်များကို ရေဝအောင်လောင်းပေးရန်နှင့် နံရံအုတ်စီခြင်း ပြီးစီးပါက လည်း နံရံကို နေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ခုနစ်ရက် တိုင်ရေလောင်းပေးရန်၊

(ဆ) မျှောတိုင်/ဝါးထရံများဖြင့် ခြံစည်းရိုးပြုလုပ်မည်ဆိုပါက တိုင်များကိုခိုင်ခံ့ အောင် မြေကြီးထဲသို့အနည်းဆုံး ၂ပေတူး၍ မြှုပ်ရန်၊

(ဇ) အသုံးပြုပြီးသော ဘိလပ်မြေအိတ်ခွံ၊ဆေးပုံးခွံ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိသော အမှိုက်များကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်၊

(ဈ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင် သိရှိစေရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခြင်း၊ အသံချဲ့စက်ဖြင့်ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ည) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဋ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင် ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ် ဆောင်ရွက်ရန်၊

(ဌ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)အသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဍ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

## ၄။ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူးတွင်းများ၊ ရေကန်များ အသစ်တည်ဆောက်ခြင်း/ ပြုပြင် ခြင်း၊ မြေသားရေကန်များ ပြုပြင်ခြင်း

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာမည် ဖြစ်ပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းမဆောင်ရွက်မီ မြေနေရာပိုင်ဆိုင်မှုအတွက် မြေပိုင်ရှင်နှင့်သော် လည်းကောင်း၊ သက်ဆိုင်ရာဌာနနှင့်သော်လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ရန်၊

(ဂ) ရေကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်သားဖြင့် မြေတူးခြင်းလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သောကြောင့် လုပ်သားများ

အန္တရာယ်မရှိစေရန်နှင့် သင့်တော်သော လျှောစောက် (Slope) ရရှိအောင် ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

(င) အုတ်ရေကန်များတွင် လူဝင်ပေါက်များထားရှိပေးရန်၊ အမိုးမိုးရန်၊ ရေလျှံပိုက်၊ အနည်ထုတ်ပိုက်များ ထည့်သွင်းဆောင်ရွက်ရန်၊ ရေကန် ပတ်လည်ကြမ်းခင်းမျက်နှာပြင်အား ရေဆင်းကောင်းအောင်ရွက်ရန်၊

(စ) ရေဖြန့်ပိုက်သည် ရေကန်အောက်ခြေမှအနည်းဆုံး ၆” အထိမြှင့်ထားရန်၊

(ဆ) လက်တူးတွင်းများကိုရေတွင်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက လုပ်သားများအန္တရာယ်မရှိစေရန်ဂရုပြုဆောင်ရွက်ရန်၊ လုပ်ငန်း မဆောင်ရွက်မီ လုပ်ငန်းသုံးပစ္စည်းများ လှေကားစသည်တို့ကို ခိုင်ခံ့မှုရှိ/ မရှိစစ်ဆေးရန်၊ ရေတွင်းဆယ်ခြင်းလုပ်ငန်းမဆောင်ရွက်မီ ရေတွင်းအတွင်း Oxygen ရမရ သေချာစွာစစ်ဆေးပြီးမှသာဆောင်ရွက်ရန်၊ ( ဥပမာ။ ။ လူမဆင်းမီ ဖယောင်းတိုင်ချ၍ စမ်းကြည့်ခြင်း)

(ဇ) ရေပိုက်လိုင်းများကို မြေတွင် အနည်းဆုံး ၂၀ လက်မ မြေမြှုပ်ရန်၊

(ဈ) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများအား ကော်များအသုံးပြု၍ ပိုက်ဆက်ရန်နှင့် အနိမ့်အမြင့်အပြောင်းအလဲနေရာများတွင် ပိုက်တွင်လေခိုအောင်းမှုမရှိ စေရန် လေချူဘားများ အသုံးပြုဆောင်ရွက်ရန်၊

(ည) ပိုက်အဆက်များအား တတ်နိုင်သမျှအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရန်နှင့် ပိုက်အဆက်တိုင်းကို ရေလုံရန်နှင့် လေလုံအောင်ဆောင်ရွက်ရန်၊

(ဋ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိ ရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင် သိရှိစေရန် ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဌ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဍ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(ဎ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဏ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

## ၅။ ဆိပ်ခံတံတားများ၊ တံတားငယ်များ ပြုပြင်ထိန်းသိမ်းခြင်း

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

(ဂ) အမြင့်ဆုံးရေတက်နိုင်သည့် Level အား Fesbility Survey ဆောင်ရွက်ရန်၊

(ဃ) ဆိပ်ခံတံတားတည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ချောင်းဘေး၌ လုပ်ငန်းလုပ်ဆောင်မည်ဆိုပါက ချောင်းအနီးနားတဝိုက်တွင် ကွန်ကရစ်ဖျော်စပ်ခြင်းမပြုရန်၊

(င) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင်သိရှိစေရန် ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(စ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဆ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဈ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

**၇။ သောက်သုံးရေ (သို့) အများသုံးရေကန်များသို့ ရေဝင်လမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြုပြင်ခြင်း (၆၃ ကေအောက်)။**

(က) စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြုပြင်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းသာ ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

(ဃ) ချောင်းဘေးတွင် လုပ်ငန်းလုပ်ဆောင်မည်ဆိုပါက ချောင်းအနီးနားတဝိုက် တွင်ကွန်ကရစ်ဖျော်စပ်ခြင်းမပြုရန်၊

(င) အသေးစားတာမံများနှင့် ရေသွင်းရေထုတ်မြောင်းများ တည်ဆောက်မည် ဆိုပါက အနီးနားရှိသစ်ပင်များကို ခုတ်လှဲခြင်းမပြုရန်၊

(စ) မျောတိုင်ရိုက်ရာတွင် (၁) တန်မိုက်ဖြင့် ပုံမှန်ရိုက်ချက် (၁၀) ချက်တွင် မြေဝင် (၆) လက်မရသည်အထိ ရိုက်ရန်၊

(ဆ) ကျောက်ကြီးစီမြေထိန်းနံရံများတွင် ရေထွက်ပေါက်(Weep hole)များ မဖြစ်မနေ ထည့်သွင်းပေးရန်၊

(ဇ) အမြင့် (၅) ပေထက်ပိုသောမြေသားမြေထိန်းနံရံများ တည်ဆောက်မည်ဆိုပါက အမြင့်(၅) ပေတိုင်းတွင် အဆင့်များ (Bank step) ခံပေးရန်၊

(ဈ) ကျောက်စီမြေထိန်းနံရံများတွင် ပေ(၂၀) တိုင်းတွင် joint ဖြတ်ပေးရန်၊

(ည) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိ ရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင် သိရှိစေရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခြင်း၊ အသံချဲ့စက်ဖြင့်ကြေညာခြင်း၊

ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဠ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဋ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင် ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ် ဆောင်ရွက်ရန်၊

(ဍ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဎ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

## ၇။ အမှိုက်သိုလှောင်ကန်များ ရှင်းလင်းခြင်း(သို့) ပြုပြင်ခြင်း

(က) အမှိုက်ကန်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက အလုပ်သမားများ လိုအပ်သော အကာအကွယ်ပစ္စည်း (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များ ဝတ်ဆင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရန်။

(ခ) ရှင်းလင်းပြီးသော အမှိုက်များကို ချောင်းရေတွင်းသို့ စွန့်ပစ်ခြင်း၊ မြေအောက်ရေ ထိခိုက်စေနိုင်သော နေရာများသို့စွန့်ပစ်ခြင်း မပြုရ။

(ဂ) အမှိုက်ကန်အတွင်းရှိအမှိုက်များမှ ရေဆိုးရေညစ်ထွက်ရှိခြင်းမရှိစေရန်နှင့် အနံ့ အသက်များထွက်ရှိခြင်းမရှိစေရန် ဆောင်ရွက်ရန်နှင့် အမှိုက်များကို စနစ်တကျ အချိန်မှန်ရှင်းလင်းရမည်။

(ဃ) အမှိုက်ကန်ပတ်လည်တွင် ရေမြောင်းစနစ်ပါရှိသင့်သည်။

(င) အမှိုက်ကန်ကို ပုံမှန်ရှင်းလင်းခြင်း လုပ်ဆောင်ရမည်။

(စ) အမှိုက်ကန်တွင် ကျွဲ၊ နွား၊ တိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ခြံစည်းရိုး ရှိသင့်သည်။

## ၈။ မြေဖို့လုပ်ငန်းများနှင့် မြေထိန်းနံရံများ ပြုပြင်တည်ဆောက်ခြင်း။

(က) မြေထိန်းနံရံများနှင့်ရေကာတမံများ၊ Bio-Engineering ပြုလုပ်ခြင်းများ အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းသာ ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်။

(ဃ) ချောင်းဘေးတွင် လုပ်ငန်းလုပ်ဆောင်မည်ဆိုပါက ချောင်းအနီးနားတဝိုက် တွင် ကွန်ကရစ်ဖျော်စပ်ခြင်းမပြုရန်၊

(င) မြေကာနံရံများတည်ဆောက်မည်ဆိုပါက အနီးနားရှိ သစ်ပင်များကို ခုတ်လှဲ ခြင်းမပြုရန်၊

(စ) မျောတိုင်ရိုက်ရာတွင် (၁) တန်မိုက်ဖြင့် ပုံမှန်ရိုက်ချက် (၁၀) ချက်တွင် မြေဝင် (၆) လက်မရသည်အထိ ရိုက်ရန်၊

(ဆ) ကျောက်ကြီးစီမြေထိန်းနံရံများတွင် ရေထွက်ပေါက်(Weep hole)များမဖြစ်မနေ ထည့်သွင်းပေးရန်၊

(ဇ) မြေထိန်းနံရံကို လှေကားထစ်ပုံစံတည်ဆောက်ပေးရန်၊

(ဈ) Bio-Engineering ပြုလုပ်ပါက သံခြင်းနှင့် ကျောက်ကြီးစီခြင်းစနစ်ကို အသုံးပြုဆောင်ရွက်ရန်၊

(ည) ကျောက်စီမြေထိန်းနံရံများတွင် ပေ(၂၀) တိုင်းတွင် joint ဖြတ်ပေးရန်၊

(ဋ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိ ရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင် သိရှိစေရန် ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဌ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဍ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင် ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ် ဆောင်ရွက်ရန်၊

(ဃ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဏ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

## ၉။ ကျေးရွာပိုင် အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်း

(က) အားကစားကွင်းများတည်ဆောက်ခြင်းပြုပြင်ခြင်းများအတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ခ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင်သိရှိစေရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခြင်း၊ အသံချဲ့စက်ဖြင့်ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့် နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဂ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

(ဃ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(င) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

## ၁၀။ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမနှင့် ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း

(က) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

(ဂ) အန္တရာယ်ရှိနိုင်သောအမြင့်တက်၍ဆောင်ရွက်ရမည့် လုပ်ငန်းများအား ကျွမ်းကျင်လုပ်သားများကို ငှားရမ်းအသုံးပြုရန်၊

(ဃ) အမိုးမိုးရာတွင် မြွားတန်းများမှာ သွပ်တစ်ချပ်၏ အစွန်းနှစ်ဖက်နှင့် အလယ် တည့်တည့်တွင် ရှိစေရန်၊သွပ်ပြားများကို တစ်ချပ်နှင့် တစ်ချပ် (၆”) ထိပ်ချင်းထပ်ရန်နှင့် နဘေးချင်း ထပ်ရသည့်အခါ နှစ်တွန့်တိတိထပ်ရန်၊

(င) ခေါင်မိုးများကို ပြောင်သွပ်ဖြင့် ခေါင်အုပ်အုပ်လျှင် ခေါင်အုပ်၏ ဘေးအရှည် သည် ၁၂ လက်မရှိရန်နှင့်သွပ်ပြားတစ်ခုနှင့်တစ်ခုအဆက်တွင် အနည်းဆုံး ခေါင်အုပ်နှင့် ၉လက်မထပ်ရန်၊

(စ) ဆေးသုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုပြင်ရမည့်လုပ်ငန်းများ ဖြစ်လျှင် အများဆုံး(၂) ထပ်သာသုတ်ရန်နှင့်ခဲပါဝင်သော သုတ်ဆေးများကို တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံး မပြုရန်၊

(ဆ) အုတ်မစီမီ အုတ်များကို ရေဝအောင် လောင်းပေးရန်နှင့် နံရံအုတ်စီခြင်း ပြီးစီးပါကလည်း နံရံကိုနေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ခုနစ်ရက်တိုင် ရေလောင်းပေးရန်၊

(ဇ) သစ်သားကြမ်းခင်းပြုပြင်မည်ဆိုပါက ချောင်၍ လှုပ်နေသော ကြမ်းခင်း များအား သံရိုက်ရန် (သို့) ကြိုးအသစ်ဖြင့်ချည်နှောင်ရန်နှင့် ဆွေးနေသော အစိတ်အပိုင်းကို အသစ်ဖြင့်လဲလှယ်ရန်၊ နံရံများပြင်ဆင်ရာတွင် လိုအပ်ပါက ချုပ်တန်းများ ထပ်မံထည့်သွင်းရန်နှင့် ချောင်၍ လှုပ်နေသော နေရာများကို သံရိုက်ရန်၊

(ဈ) အဆောက်အဦများ ပြုပြင်မည်ဆိုပါက ရှိရင်းစွဲအဆောက်အဦအား ခိုင်ခံ့/ မခိုင်ခံ့ သေချာစွာပြန်လည်စစ်ဆေးပြီးမှသာ ဆောင်ရွက်ရန်၊

(ည) အဆောက်အဦကြမ်းခင်းများဆောင်ရွက်မည်ဆိုပါက အနည်းဆုံး(၄-၁/၂”) ထုရှိရန်နှင့် ကြမ်းခင်းအချော (၁-၁/၂”) ဆောင်ရွက်ရန်၊ ကြမ်းခင်း ကွန်ကရစ်လောင်းရာတွင် သိပ်သည်းမှုကောင်းမွန်စေရန် vibrator သုံး၍ ဆောင်ရွက်ရန်၊

(ဋ) ကြမ်းခင်းပုံစံပြားများကို အနည်းဆုံး(၁၀) ရက်၊ယက်မ (Beam)ပုံစံပြား များကို အနည်းဆုံး(၂၁) ရက်ထားရှိပြီးမှသာ ဖြုတ်ရန်၊

(ဌ) လှေကားတွင် Wheel chair တက်ရန် ဆင်ခြေလျှော(Ramp) အနည်းဆုံး တစ်ခု ထည့်သွင်းဆောင်ရွက်ရန်၊

(ဍ) ပစ္စည်းအသစ်များ မဝယ်ယူမီ ဖြုတ်ထားသော ပစ္စည်းဟောင်းများ ပြန်လည်အသုံးချရန်သင့်မသင့် စစ်ဆေး၍ ပြန်လည်အသုံးပြုနိုင်မည်ဆိုပါက အသုံးပြုရန်၊အသုံးမပြုသောပစ္စည်းများကို စနစ်တကျ စုပုံသိမ်းဆည်း ထားရန်။

(ဎ) မျက်နှာကျက်လုပ်ငန်းများဆောင်ရွက်ရာတွင် မီးခံကျောက်ပါဝင်ခြင်း မရှိသောပစ္စည်းများကိုသာ အသုံးပြုရန်၊

(ဏ) ကျေးရွာဈေးများတွင် ရေဆိုးထုတ်စနစ်နှင့် အမှိုက်သိမ်းဆည်းမှုစနစ်၊ မီးဘေးလုံခြုံရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(တ) အသုံးပြုပြီးသော ဘိလပ်မြေအိတ်ခွံ၊ ဆေးပုံးခွံ၊ ဆောက်လုပ်ရေး လုပ်ငန်း ခွင်မှထွက်ရှိသောအမှိုက်များကို သတ်မှတ်နေရာများတွင် စနစ်တကျ စွန့်ပစ်ရန်၊

(ထ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင်သိရှိစေရန် ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့်နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်။

(ဒ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်။

(ဓ) လုပ်ငန်းခွင်သို့ ကလေးသူငယ်များ ဝင်ရောက်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားများ မပါဝင်စေရေးအလေးထားကြီးကြပ်ဆောင်ရွက်ရန်၊

(န) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) (ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်)များအသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ပ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

**၁၁။ အများပြည်သူဆိုင်ရာ နေရာများ၊ ရှိရင်းစွဲ ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊ ကျေးရွာအနီးရှိ ရေဝေရေလွှဲနေရာများအပါအဝင် ကျေးရွာပိုင်/အများပိုင် မြေများတွင် သစ်ပင်စိုက်ပျိုးခြင်း**

(က) သစ်ပင်စိုက်ပျိုးမည့် ရေဝင်ရေလွှဲနေရာများအား ကျေးရွာလူထုနှင့် တိုင်ပင်ဆွေးနွေးရန်၊

(ခ) သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးပင်များ စုဆောင်းထားရှိရန်၊

(ဂ) သစ်ပင်စိုက်ပျိုးရန်လိုအပ်သည့် ပစ္စည်း ကိရိယာများ (ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ မြေသယ်ရန် ခြင်းတောင်း စသည်)ကို စုဆောင်း ထားရန်၊

(ဃ) မြေတူးခြင်းလုပ်ငန်းအား စိုက်ပျိုးမည့် သစ်ပင်အမျိုးအစားအလိုက် ဆောင်ရွက်ရန်နှင့် အနည်းဆုံး(၁'-၆") ပတ်လည်ခန့်တူးရန်၊

(င) သစ်ပင်တစ်ပင်နှင့် တစ်ပင်အနည်းဆုံး (၅) ပေခြားစိုက်ပျိုးရန်၊

(စ) သစ်ပင်စိုက်ပျိုးပြီးပါက အပင်များရှင်သန်ကြီးထွားအောင် ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှစီစဉ်ထားရှိရန်၊

(ဆ) ကျေးရွာတွင်း အလုပ်လုပ်ဆောင်မည့်အိမ်ထောင်စုများကို စာရင်းပြုစုထားရှိရန်နှင့်ကျေးရွာလူထုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရမည့်နေ့ကို ကြိုတင်သိရှိစေရန် ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ဆယ်အိမ်ခေါင်းမှတဆင့် အိမ်ထောင်စုများအားအသိပေးခြင်း စသည့်နည်းလမ်းများဖြင့် ကျေးရွာလူထုသိရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ဇ) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်အားခပေးချေမည့်ပုံစံအား (ပုတ်ပြတ်/ နေ့စား) ကြိုတင်ဆွေးနွေးထားရှိရန်၊

ရက်စွဲ ၊ ................................................ ရက်စွဲ ၊ ................................................

ပုံစံ-ဘ-၅

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## Cash for Work စီမံကိန်းလုပ်အားခပေးချေမှုငွေပေး/ငွေရပြေစာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Cash for Work စီမံကိန်းဖြင့် ............. မြို့နယ်၊ .................. ကျေးရွာအုပ်စုဆောင်ရွက်သော ............................ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လုပ်သားအဖြစ် ....................................... ရက် ဆောင်ရွက်ခဲ့ခြင်းအတွက်ကျသင့်ငွေကျပ်.................................(စာဖြင့်ကျပ်.................... ............................တိတိ) အားလက်ခံရရှိပါသည်။

**မိမိရသင့်သောလုပ်အားခငွေအားကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဖြတ်တောက်ခြင်းမပြုဘဲ အပြည့်အဝပေးချေပါကြောင်းနှင့် မိမိမှအပြည့်အဝလက်ခံရရှိပါကြောင်း ဖော်ပြအပ်ပါသည်။**

| ငွေလွှဲပြောင်းပေးအပ်သူ | ငွေလက်ခံရရှိသူ |
|---|---|
| လက်မှတ်၊ .................................. | လက်မှတ်၊ .................................. |
| အမည် ၊ .................................. | အမည် ၊ .................................. |
| ရာထူး ၊ .................................. | ကျေးရွာ ၊ .................................. |
| ........................ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ရက်စွဲ ၊ .................................. |
| ရက်စွဲ ၊ .................................. | |

# Cash For Work စီမံကိန်း
# ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း
# သင်တန်းလမ်းညွှန်

**မိတ်ဆက်။** ဤစာအုပ်သည် ကျေးရွာအဆင့် စီမံခန့်ခွဲမှုအဖွဲ့ဖြစ်သည့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ကို (၁)ရက်ကြာပို့ချမည့် သင်တန်း အတွက် လမ်းညွှန်ဖြစ်ပါသည်။ ဤသင်တန်း ကို စီမံကိန်းအတွက် မြို့နယ် ကျေးလက်ဦးစီးဌာနမှ စီမံကိန်းအကြောင်း မိတ်ဆက် ရှင်းလင်း အပြီး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့အပြီး အချိန်တွင် ပြုလုပ်ပါသည်။

**ရည်မှန်းချက်ပန်းတိုင်။** ကျေးရွာစီမံခန့်ခွဲမှုသင်တန်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအား ကျေးရွာလူထုကို အဆိုပြုလွှာ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းလုပ်ငန်း ခွဲများ စီမံခန့်ခွဲရာတွင်လိုအပ်သည့် ဗဟုသုတ၊ စွမ်းရည်၊ ယုံကြည်ချက်နှင့် အသင်းအဖွဲ့လိုက် ဆောင်ရွက်မှုများ တိုးပွားလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

**ရည်ရွယ်ချက်များ။** ကျေးရွာစီမံခန့်ခွဲမှုသင်တန်းပြီးလျှင် အောက်ပါတို့ကို ဆောင်ရွက်တတ် မည်။

- Cash for Work စီမံကိန်းအကြောင်းနှင့် ကျေးရွာစီမံကိန်းစက်ဝန်း၏ အဓိကလုပ်ငန်းများ ကို ရှင်းပြတတ်မည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိဖော်ပြတတ်မည်။
- Cash for Work စီမံကိန်း လိုက်နာရမည့်စည်းကမ်းချက်များ ကိုသိရှိဖော်ပြတတ်မည်။
- ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများအတွက်ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများနှင့်ဖြည့်သွင်းရ မည့်ပုံစံများမှန်ကန်စွာဆောင်ရွက်တတ်မည်။
- စီမံကိန်းလုပ်ငန်းခွဲများကို မှန်ကန်သည့် ဘဏ္ဍာရေး၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် လုပ်ငန်းလည်ပတ် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ နှင့် ပုံစံများအသုံးပြု၍ အကောင် အထည်ဖော်တတ်မည်။
- တာဝန်ခံယူမှုရှိစေရန် လုပ်ငန်းစဉ်အတွက် မှတ်တမ်းများထားရှိတတ်မည်

**ရလဒ်များ။** အောက်ပါတို့ ရရှိသင့်သည်

၁။ ပုံစံ-စ-၁ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာ

၂။ ပုံစံ-စ-၂ စီမံကိန်းလုပ်ငန်းစောင့်ကြည့်ကြီးကြပ်ခြင်း

၃။ ပုံစံ-ဝ-၁ လုပ်ငန်းအကောင်အထည်ဖော်ရေးသဘောတူစာချုပ်

၄။ ပုံစံ-ဝ-၂ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်

၅။ ပုံစံ-ဝ-၂(က) ထိခိုက်လွယ်မှုအမှတ်ပေးအကဲဖြတ်သုံးသပ်ချက်

၆။ ပုံစံ-ဝ-၃ ဝယ်ယူ/ငှားရမ်းရန်လိုအပ်သည့်စာရင်း

၇။ ပုံစံ-ဝ-၄ ဈေးနှုန်းစုံစမ်းခြင်းအတွက်ရေးသွင်းရန်ပုံစံ

၈။ ပုံစံ-ဂ-၅ ပစ္စည်းလက်ခံရရှိကြောင်းမှတ်တမ်း

၉။ ပုံစံ-ဘ-၁ ငွေတောင်းခံလွှာ

၁၀။ ပုံစံ-ဘ-၂ ရငွေ/ပေးငွေစာရင်းချုပ်

၁၁။ ပုံစံ-ဘ-၃ အသုံးစရိတ်စာရင်းအသေးစိတ်

၁၂။ ပုံစံ-ဘ-၄ လုပ်အားခပေးချေမှုမှတ်တမ်း

၁၃။ ပုံစံ-ဘ-၅ လုပ်အားခပေးချေမှု ငွေပေး/ငွေရပြေစာ

**သင်တန်းတက်ရောက်မည့်သူများ။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဖြစ်သည့် ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ ငွေစာရင်းကိုင်များဖြစ်သည်။ ဤသင်တန်းကို ၂ ရွာ ၃ ရွာပေါင်းလုပ်မည်။

**သင်တန်းပို့ချမည့်သူများ။** ၂ ယောက် ဖြစ်သင့်သည်။ တစ်ယောက်တစ်လှည့် ကူညီသင်ကြား ပြသပေးသင့်သည်။

**အချိန်အသုံးပြုမှုနှင့်ထောက်ပံ့ရေးများ**

- သင်တန်းကြာမြင့်ချိန် ၄ နာရီ စွန်းစွန်းကြာနိုင်ပါသည်။ ထို့အပြင် နေ့လည်စာစားချိန် ၁ နာရီနှင့် ခဏနားချိန် (နေ့ခင်းနှင့် မနက်တွင်) ၁၅ မိနစ်စီ ပေးသင့်သည်။
- သင်တန်းတက်ရောက်လာကြသူများ အဆင်ပြေမည့်အချိန်တွင် သင်တန်းစတင်ပါ။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် အမျိုးသမီးများ အဆင်ပြေမည့်အချိန် ဖြစ်သင့်သည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သင့်လျော်သည့် သင်တန်းခန်းမ စီစဉ်ပေးရန် ပြောပါ။ အားလုံးအတွက် သက်သောင့် သက်သာ ရှိပြီး အနေသင့်အယှက်ကင်းသည့်နေရာ ဖြစ်သင့်သည်။ (ဥပမာ -ဓမ္မာရုံ၊ဇရပ်၊ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ ကျေးရွာ ခန်းမ ကျောင်းသို့မဟုတ် ကျင်းပလို့ရသည့် ခန်းမတစ်ခုခုတွင်) ပြုလုပ်နိုင်သည်။
- အရေးကြီးသည့်အချက်မှာ သင်တန်းနေရာသည် လေဝင်လေထွက်ကောင်းပြီး ကျယ်ဝန်း ရမည်။ တစ်ဦးနှင့် တစ်ဦး ၆ ပေ ခွာပြီး နေရာထိုင်ခင်းနှင့် အဝင်အထွက် ပြုလုပ်နိုင်ရေး ကောင်းစွာ စီစဉ် ဆောင်ရွက်ထားရမည်။
- တက်ရောက်သူ အားလုံးမှ နှာခေါင်းစည်းတပ်ထားရမည်။ လက်ဆေးရန် နေရာများ စီစဉ် ဆောင်ရွက်ထားရမည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ရန်ဖြစ်သည်။
- စေတနာ့ဝန်ထမ်းများအား အဖွဲ့ဝင်များကို နေ့ရက်၊အချိန်နှင့် ခန်းမနေရာ အကြောင်း ကြားပေးရန်ပြောပါ။

**သင်ထောက်ကူပစ္စည်းများ။**

- သင်အသုံးပြုရန် **ကျေးရွာစီမံခန့်ခွဲမှုသင်တန်း သင်တန်းဆရာ၊ ဆရာမလမ်းညွှန်** (ဤစာအုပ်)
- **စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲစာအုပ်။** သင်တန်းသား၊ သင်တန်းသူတိုင်း တစ်ယောက်တစ်အုပ်
- ချိတ်ဆွဲရန် သို့မဟုတ် လက်ကမ်းရန် **IEC ပစ္စည်းများ**
- **OM ပုံစံများနှင့် အခြားနမူနာပုံစံများ**
- **စာရွက်ကြီး၊ မာကာနှင့် တိပ်**
- တစ်ရွာလျှင် **ကွင်းဖိုင်တစ်ခု၊ ဖောက်နှိပ်စက်တစ်ခု**
- သင်တန်းတက်ရောက်လာကြသူတိုင်းအတွက် **စာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်း၊** စာအုပ်စာရွက်များ ထည့်ရန် **အကြည်အိတ် တစ်အိတ်**

**သင်တန်းဆရာ၊ ဆရာမအတွက် အကြံပေးချက်**

- **စနစ်တကျစီမံဆောင်ရွက်ပါ။** သင်တန်းမပို့ချခင်မှာ သင်တန်းဆရာလမ်းညွှန်စာအုပ်ကို ဖတ်ပါ။ သို့မှသာ သေချာကြိုတင်ပြင်ဆင်ပြီး သားဖြစ်မည်ဖြစ်သလို ပို့ချမည့် အပိုင်းများကို မည်ကဲ့သို့ ပို့ချရမည့်အကြောင်း သိရှိမည်ဖြစ်သည်။
- **ဖော်ရွေစွာဆက်ဆံပါ။** အားလုံးသက်သောင့်သက်သာ ခံစားနေစေရန်၊ အားလုံးနှင့် တသားတည်း ဖြစ်နေစေရန် ဖော်ရွေပါ။
- **မေးခွန်းများမေးပြီး** အားလုံးပူးပေါင်းပါဝင်လာအောင် အားပေးပါ။
- **ပြောပြနေချိန်မှာ ဂရုတစိုက်နားထောင်ပေးပါ။** စိတ်ဝင်စားကြောင်းပြပါ။ ပြောပြသည့် စကားကို ထပ်ပြောပြပြီး နောက်ဆက်တွဲ မေးခွန်းများ မေးပေးပါ။
- **အဖြေတစ်ခုတည်းရရုံနှင့် ဆက်မမေးဘဲမနေပါနှင့်။** *"ဘာတွေ ပြောဖို့ရှိသေးလဲ။ ဘာထပ်ပြီး ပြောပြချင်သေးလဲ"* စသည်ဖြင့် ဆက်မေးပါ။
- **စိတ်မလောပါနှင့်။** သင်တန်းတက်ရောက်လာကြသူများ အဆင်ပြေစေမည့် သင်ကြားမှု အရှိန်ကို ရှာဖွေပါ။
- **ပူးပေါင်းပါဝင်မှု ညီတူညီမျှဖြစ်အောင်ထားပါ။** ဘာမှမပြောဘဲနေသူများကို ပြောလာအောင် အားပေးကူညီပြီး စကားပြောလွန်းသူ များကို ထိန်းချုပ်ပါ။
- **ကျား-မရေးရာ သတိရှိပါ။** သင်တန်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆွေးနွေး စေရန် အားပေးပါ။
- **တက်ကြွမှုပမာဏကို စောင့်ကြည့်ပါ။** ပင်ပန်းလာသလား သို့မဟုတ် ပျင်းရိလာသလား အကဲခတ်ပါ။ တက်ရောက်လာကြသူတွေ ပင်ပန်းလာလျှင် သင်ကြားမှုပုံစံပြောင်းပါ။ သီချင်းတစ်ပုဒ်ဆိုခြင်း သို့မဟုတ် ခဏအနားပေးလိုက်ပါ။
- စိတ်ဝင်စားနေစေရန်အတွက် **နည်းလမ်းများကို ပြောင်းလဲသင်ကြားပါ။** ဥပမာ သင်ကြားနေစဉ် ဆွေးနွေးခိုင်းတာ၊ လက်တွေ့ဆောင်ရွက်ခိုင်းတာ၊ ဇာတ်လမ်းကပြတာ၊ သီချင်း/

တက်ကြွလန်းဆန်းစေသည့် ကစားနည်း စသည့်နည်းလမ်းများ အမျိုးမျိုးကို ပြောင်းလဲ အသုံးပြုပါ။

- **အချိန်ကိုကောင်းစွာ စီမံခန့်ခွဲပါ။** ဆောင်ရွက်မှုတစ်ခုစီပြုလုပ်ရာတွင် လိုအပ်သည့်အချိန် ပမာဏကို တစ်ပိုင်းချင်းစီ တွင် ဖော်ပြထားသည့်အတိုင်းဆောင်ရွက်ပြီး ၎င်းအချိန် အတွင်း ပြီးအောင်ကြိုးစားဆောင်ရွက်ပါ။
- **လူတိုင်းနားမလည်နိုင်သည့်စကားအသုံးအနှုန်းကို ရှောင်ရှားပါ။** နားလည်ရခက်သည့် နည်းပညာပိုင်းဆိုင်ရာ ကြီးကျယ် သည့်အသုံးအနှုန်းမျိုး မသုံးပါနှင့်။
- **အဆိုးမြင်ဝေဖန်ခြင်းမပြုပါနှင့်။** "*ခင်ဗျား/ရှင် ပြောတာမှားနေတယ်*"ဟု မပြောပါနှင့်။ "*တခြားဘယ်သူ့ဆီမှာများ နောက်ထပ် အကြံဉာဏ်လေးတွေရှိနေမလားမသိဘူး*"ဟုပြောပါ။

## သင်တန်းအစီအစဉ်

| အချိန် | ခေါင်းစဉ် |
|---|---|
| **နံနက်ခင်း** | |
| မိနစ် ၃၀ | အပိုင်း (၁)။ အဖွင့်ဆောင်ရွက်မှုများ |
| မိနစ် ၂၅ | အပိုင်း (၂)။ Cash for Work စီမံကိန်းနှင့် စီမံကိန်းစက်ဝန်း |
| မိနစ် ၃၅ | အပိုင်း (၃)။ ကော်မတီ၏ လုပ်ငန်းတာဝန်များ |
| မိနစ် ၁၅ | အပိုင်း (၄)။ လိုက်နာရမည့် စည်းကမ်းချက်များ |
| မိနစ် ၁၅ | အပိုင်း (၅)။ Work Plan ရေးဆွဲခြင်း |
| **မွန်းလွဲ** | |
| မိနစ် ၃၀ | အပိုင်း (၆)။ ကျေးရွာအခြေ ခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများနည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ |
| မိနစ် ၄၀ | အပိုင်း (၇)။ ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်ပုံစံများ |
| မိနစ် ၄၅ | အပိုင်း (၈)။ ငွေကြေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်ပုံစံများ |
| မိနစ် ၄၅ | အပိုင်း (၉)။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့်သတင်းအချက်အလက်များ ကောက်ယူခြင်း |

**မှတ်ချက်။** အကယ်၍ သင်ခန်းစာအပိုင်းတစ်ခု၏ လေ့ကျင့်ခန်းများကို သတ်မှတ်ချိန်အတွင်း မပြီးစီးနိုင်ပါက သင်တန်းသူ၊ သင်တန်းသားများအနေနှင့် သင်တန်းပြီးသည့်အခါ ကိုယ်တိုင်ဆက်လက် ဆောင်ရွက်နိုင်ကြောင်းနှင့် ၎င်းတို့၏ လေ့ကျင့်ခန်းများကို ပြီးစီးသွားသည့်အခါ မြို့နယ်ကျေးလက်ဦးစီးဌာနက ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသို့လာရောက် ကွင်းဆင်းသည့်အခါနှင့် ကော်မတီဝင်များအတွက် သီးခြား သင်တန်းများနှင့် အစည်းအဝေးများ ပြုလုပ်သည့်အခါတွင် ကြည့်ရှုပြီး လိုအပ်သည့် လမ်းညွှန်ချက်များ ပေးနိုင်ပါသည်။

နေ့လည်စာစားရန် အနည်းဆုံးအချိန် (၁)နာရီနှင့် လက်ဖက်ရည်သောက်နားချိန် (မနက်နှင့် မွန်းလွဲတွင်) (၁၅) မိနစ် နှစ်ကြိမ် ပေးသင့်သည်။ မည်သည့်အချိန်တွင် ပေးမည်ကို

သင်တန်းပေးသူက သင်တန်းတက်ရောက်လာသည့် ရွာသူ၊ ရွာသားများ၏ သဘောတူညီမှု ရယူ၍ ဆုံးဖြတ်သင့်သည်။

ရည်ရွယ်ချက်များ။ ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။
၁) ကျေးရွာအဆင့်စီမံခန့်ခွဲမှုသင်တန်း၏ ရည်ရွယ်ချက်များကို နားလည်မည်
၂) ကျေးရွာအဆင့် စီမံခန့်ခွဲမှု သင်တန်း၏ ခေါင်းစဉ်များနှင့် သင်တန်းအစီအစဉ်ကို ရှင်းပြနိုင်မည်

**အချိန်။** ၃၀ မိနစ်
**အဆင့်များ။**
**၁။ ရင်းနှီးမှုရရှိစေခြင်း (၅ မိနစ်)။** အားလုံးရင်းနှီးမှုရရှိစေရန် သီချင်း သို့မဟုတ် ကစားနည်းတစ်ခုခုဖြင့်စတင်ပါ။

**၂။ မိတ်ဆက်ခြင်း (၅ မိနစ်)။** သင်တန်းသူ၊ သင်တန်းသားများကို အမည်၊ မည်သည့်ရွာက လာသည်၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့တွင် မည်သည့်ရာထူးကို တာဝန်ယူထားသည်တို့ကို မိတ်ဆက်ပေးရန် ပြောပါ။

**၃။ စိုးရိမ်ချက်နှင့် မျှော်မှန်းချက်များ (၁၀ မိနစ်)။** “*ဘာတွေသင်ယူရမယ်လို့ မျှော်လင့်ထားသလဲ။ သင်တန်းမှာ ဘာတွေစိုးရိမ်မိသလဲ ဒါမှမဟုတ် ကျေးရွာ*ကျေးရွာဖွံ့ဖြိုးရေးကော်မတီ*အဖွဲ့ဝင်တစ်ယောက် လုပ်ရတော့ မယ် ဆိုတော့ ဘာတွေ စိုးရိမ်မိသလဲ။*” ဟု မေးပါ။ အဖြေများကို စာရွက်ကြီးပေါ်တွင် ချရေးပြီးနောက် အနှစ်ချုပ်ပေးပါ။
သင်တန်းသူ၊ သင်တန်းသားများ၏ စိုးရိမ်မှုများကို ပြန်လည်တုံ့ပြန်ပေးပါ။ ဥပမာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ရဲ့အလုပ်တွေက အရမ်းများမှာပဲ ဟု စိုးရိမ်နေလျှင် အလုပ်တွေကို တစ်ယောက်တည်းကလုပ်စရာမလိုပဲ အခြားသူတွေထံ အလုပ်ခွဲပေးလို့ရကြောင်း ရှင်းပြပေးပါ။

**၄။ သင်တန်းရည်ရွယ်ချက်များ (၃ မိနစ်)။** သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းပြပါ။

- Cash for Work စီမံကိန်းအကြောင်းနှင့် ကျေးရွာစီမံကိန်းစက်ဝန်း၏ အဓိကလုပ်ငန်းများကို ရှင်းပြတတ်မည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိဖော်ပြတတ်မည်။
- Cash for Work စီမံကိန်းလိုက်နာရမည့်စည်းကမ်းချက်များ ကိုသိရှိဖော်ပြတတ်မည်။
- ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများအတွက်

ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများနှင့်ဖြည့်သွင်းရမည့် ပုံစံများ မှန်ကန်စွာ ဆောင်ရွက်တတ်မည်။

- စီမံကိန်းလုပ်ငန်းခွဲများကို မှန်ကန်သည့် ဘဏ္ဍာရေး၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်း ရေး လုပ်ငန်းစဉ်များ နှင့် ပုံစံများအသုံးပြု၍ အကောင်အထည်ဖော်တတ်မည်။
- တာဝန်ခံယူမှုရှိစေရန် လုပ်ငန်းစဉ်အတွက် မှတ်တမ်းများထားရှိတတ်မည်

၅။ **သင်တန်းအစီအစဉ် (၂ မိနစ်)။** သင်တန်းအစီအစဉ်ကို စာရွက်ကြီးတစ်ရွက်တွင် ရေးပြီး နံရံတွင်ကပ်ထားသလို စာရွက်များဖြန့်ဝေပေးထားပါ။ သင်ခန်းစာတစ်ခုချင်းစီ ခေါင်းစဉ်ကို ဖတ်ပါ။ သင်တန်းစချိန်၊ ဆင်းချိန်၊ လက်ဖက်ရည် သောက်နားချိန်များကို သဘောတူညီချက်ရယူပါ။ သင်ခန်းစာများကို အချိန်တိုတွင်း သင်ယူရသည့်အတွက် အချိန်ကိုလေးစားရန် လိုအပ်ပါသည်။

၆။ **သင်တန်းစည်းကမ်းချက်များ (၅ မိနစ်)။** သင်တန်းစည်းကမ်းချက်များကို စဉ်းစားပေးရန်ပြောပါ။ ဖြေကြားချက်များကို စာရွက်ကြီးပေါ်တွင် ချရေးပြီး နံရံတွင်ကပ်ထားပါ။

**ဖြစ်နိုင်ချေရှိသော တုံ့ပြန်မှုများ။** သင်တန်းအချိန်မီလာရန်။ သင်တန်းရက် အချိန်ပြည့် တက်ရန်။ တက်ကြွစွာ ပူးပေါင်းပါဝင်ရန်။ အခြားသင်တန်းသူ၊ သင်တန်းသားများ စကားပြောဆိုနေလျှင် လေးစားရန်။ အခြားသူများ၏ ထင်မြင်ချက်များကို လေးစားရန်။ ကြားဖြတ်မပြောရန်။

## အပိုင်း ၂။ Cash for Work စီမံကိန်းနှင့် စီမံကိန်းစက်ဝန်း

**ရည်ရွယ်ချက်များ။** ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) Cash for Work စီမံကိန်း အခြေခံသဘောတရားများကို ရှင်းပြပြီး ဆွေးနွေးနိုင်မည်

၂) Cash for Work စီမံကိန်းစက်ဝန်းကို နားလည်ပြီး ရှင်းပြတတ်မည်

**အချိန်။** မိနစ် ၂၅

**အဆင့်များ။**


**၁။ Cash for Work (၁၀ မိနစ်)။** *"ဒီစီမံကိန်းကို* Cash for Work စီမံကိန်း*လို့ ဘာလို့ခေါ်တာလဲ။ "ဟု ထင်မြင်ချက်ကို**မေး**ပါ။*

- ကိုရိုနာ ဗိုင်းရပ်ကူးစက်ရောဂါအကျိုးသက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေး ချေခြင်းဖြင့် ကျေးလက်နေပြည်သူများဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံ အဆောက် အအုံများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။
- CfW စီမံကိန်းသည် ကျေးရွာကုန်ထုတ်လုပ်ငန်းနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများ ကို ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆောင်ရွက်စေမည်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်ချိန်မှ လုပ်ငန်းပြီးစီးသည်အထိ ၃ လ မှ ၄ လ ခန့်ကြာမြင့်မည် ဖြစ်ပါသည်။
- ကျေးရွာလူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကို ကိုယ်တိုင်ပါဝင် ဆောင်ရွက် (သို့မဟုတ်) စီမံခန့်ခွဲ
- ကျေးရွာလူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံယူပြီး ပိုင်ဆိုင်မှု စိတ်ဓာတ် ထားရှိ
- ကျေးရွာလူထုကိုယ်တိုင် ကျေးရွာအတွက် စီမံကိန်းများ စီစဉ်ရေးဆွဲ၊ အကောင်အထည် ဖော်ပြီး အကဲဖြတ်
- ကျေးရွာလူထုကိုယ်စား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဝင်များ အား ကိုယ်တိုင်ရွေးကောက်တင်မြှောက်
- လုပ်ငန်းစဉ်တွင် အမျိုးသမီးများ၊ အပစ်ပယ်ခံအဖွဲ့များအပါအဝင် လူတန်းစားအားလုံး ပူးပေါင်းပါဝင်
- တည်ဆောက်ပြီးစီးသွားသည့် အခြေခံအဆောက်အအုံကို ပျက်စီးမှုရှိပါက ကိုယ်တိုင် ပြင်ဆင်ခြင်းဖြင့် ကျေးရွာလူထုက ထိန်းသိမ်းစောင့်ရှောက်

**၂။ စီမံကိန်းစက်ဝန်း (၁၅ မိနစ်)။** စီမံကိန်းစက်ဝန်းပုံကို နံရံပေါ်တွင် ကပ်ထားပြီး အဓိက အဆင့်များကို အတိုချုံးရှင်းပြပါ။ သင်တန်းသူ၊ သင်တန်းသားများက မေးမြန်း လိုသည်

များ မေးမြန်းပေးရန်အားပေးပြီး အဖြေများသိရှိပါက ပြန်လည်ဖြေကြားပေးပါ။ ကျေးရွာလူထု အနေနှင့် စီမံကိန်းကို (၃-၄) လ ပြုလုပ်ရမည့်အကြောင်းကို အသိပေးပါ။

Cash For Work စီမံကိန်းစက်ဝန်း၊ ကျေးရွာလူထုစီမံကိန်းစက်ဝန်း



**ရည်ရွယ်ချက်များ။** ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) Cash for Work စီမံကိန်း အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းပြတတ်မည်။
၂) ကျင့်ဝတ်ကို လိုက်နာတတ်မည်။
၃) Cash for Work စီမံကိန်း အတွက် ပွင့်လင်းမြင်သာမှုရှိစွာနှင့် တာဝန်ခံယူတတ်စွာ ဆောင်ရွက်တတ်မည်။

**အချိန်။** ၃၅ မိနစ်

**အဆင့်များ။**
**၁။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏**တာဝန်နှင့် ဝတ္တရားများ (၁၀ မိနစ်)။** အားလုံး၏ တာဝန်နှင့် ဝတ္တရားများနှင့်ပတ်သက်၍ *ထင်မြင်ချက်ကိုမေးပါ။* အဖွဲ့ဝင် အသီးသီးကို မတ်တပ်ရပ်၍ ကိုယ့်တာဝန်နှင့် ဝတ္တရားများ ရှင်းပြပေးရန် **ပြော**ပါ။ အောက်ပါအချက်များမှ မပါဝင်ခဲ့လျှင် ထည့်သွင်းပေးပါ။
ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီမှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးသည် လုပ်ငန်းတိုးတက်မှုများအား မြို့နယ်ကျေးလက်ဦးစီးသို့ အစီရင်ခံတင်ပြခြင်း၊ ဘဏ္ဍာရေးမှူးနှင့် ငွေစာရင်းကိုင်သည် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်း လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဝယ်ယူရေး လုပ်ငန်းများ ကိုဆောင်ရွက်ခြင်း၊ဝေဖန်အကြံပြုချက်များ အား ဖြေရှင်းရာတွင် ပံ့ပိုးကူညီခြင်း များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ သက်တမ်းမှာ စီမံကိန်း စတင်ချိန်မှ စီမံကိန်းပြီးဆုံးပြီး စာရင်းစစ်ဆေးပြီးစီးသည် အထိဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံကျေးရွာသူ ၊ကျေးရွာသားများနှင့် ညှိနှိုင်းတိုင်ပင်ပြီး အများ သဘောတူသည့် လုပ်ငန်းကို ရွေးချယ်ရမည်။

**Cash for Work စီမံကိန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

| | |
|---|---|
| ၁။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် – |
| (က) | စီမံကိန်းအကြောင်း ကျေးရွာသူ/သားများသိရှိစေရန် ရှင်းလင်းပြောကြားခြင်း၊ |
| ( ခ) | ကျေးရွာအတွက်လိုအပ်သော၊ သတ်မှတ်ချက်နှင့် ကိုက်ညီသော ဦးစားပေးလုပ်ငန်း များရွေးချယ်ခြင်း၊ |

( ဂ)　ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်ကျေးရွာကိုယ်စားမြို့နယ်ကျေးလက်ဦးစီးရုံးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးသဘောတူစာချုပ်ချုပ်ဆိုခြင်း၊

(ဃ)　စီမံကိန်းလုပ်ငန်းအဆိုပြုလွှာများပြင်ဆင်ခြင်းမြို့နယ်ကျေးလက်ဦးစီးရုံးထံတင်ပြခြင်း၊

( င)　အတည်ပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( စ)　မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် ရရှိသောရန်ပုံငွေအား အများပိုင်ငွေကြေးအဖြစ်ခံယူ၍ ပျောက်ဆုံး၊ ပျက်စီး၊လေလွင့်၊ ဆုံးရှုံးခြင်းမရှိစေရန် ဂရုပြုထိန်းသိမ်းခြင်း။ အကယ်၍ ကော်မတီဝင် တစ်ဦးဦးကြောင့်ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက တာဝန်ယူ ဖြေရှင်းခြင်း၊

(ဆ)　စီမံကိန်းမှ သတ်မှတ်ထားသော ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်အညီ ပစ္စည်းများ ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း၊

( ဇ)　သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ လုပ်အားခပေးချေခြင်း၊

( ဈ)　စီမံကိန်းမှသတ်မှတ်ထားသော ငွေကြေးစီမံခန့်ခွဲမှု လမ်းညွှန်ချက်များနှင့်အညီ ရန်ပုံငွေအား စနစ်တကျသုံးစွဲခြင်း၊ စာရင်းဇယားများ ပြုစုခြင်း၊

(ည)　မိမိကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများအား စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံတင်ပြခြင်း၊

( ဋ)　လုပ်ငန်းဆောင်ရွက်အခြေအနေနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများအား ကျေးရွာလူထုထံ ပွင့်လင်းမြင်သာမှုရှိစွာ ရှင်းလင်းချပြခြင်း၊

( ဌ)　ဝေဖန်အကြံပြုချက်များအား ဖြေရှင်းခြင်း၊

( ဍ)　စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်ပါ ညွှန်ကြားချက်များနှင့် အညီလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မြို့နယ်ကျေးလက်ဦးစီးရုံးမှ အခါအားလျော်စွာ ထုတ်ပြန်သောလမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ခြင်း။

၂။　**ကျင့်ဝတ်များ (၁၀ မိနစ်)။** Cash for Work စီမံကိန်းတွင် အရွေးကောက်ခံထားရသည့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် များအနေနှင့် မည်ကဲ့သို့ ပြုမူရမည်ကို စည်းကမ်း သတ်မှတ်ထားကြောင်း ရှင်းပြပါ။ “*ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေ ချမှတ်သင့်သလဲ။ ခေါင်းဆောင်၊* ကော်မတီဝင် များ*အနေနဲ့ ဘာတွေကို လိုက်နာသင့်ပြီး ဘာတွေတွေကို ရှောင်ရှားသင့်သလဲ။*” ဟု**မေးပါ**။ လုပ်ဆောင်ရန်နှင့် ရှောင်ရန်တို့ကို စာရင်းပြုစုစေပြီး အောက်ဖော်ပြပါ ကျင့်ဝတ်များနှင့် နှိုင်းယှဉ်ကြည့်ပါ။

| လုပ်ဆောင်ရန် | ရှောင်ရန် |
|---|---|
| • ရိုးသားပါ။ အလုပ်အပေါ်တွင် တာဝန်ယူ၊ တာဝန်ခံပါ။<br>• သင်ဆောင်ရွက်သည့်လုပ်ငန်းတိုင်း ပွင့်လင်း မြင်သာမှုရှိပါစေ။<br>• မြန်မာနိုင်ငံအခြေခံဥပဒေများကို လေးစား လိုက်နာပါ။<br>• အခြားသူများ၏ အခွင့်အရေးကို လေးစားပါ။<br>• ကျေးရွာလူထုကို လေးစားပါ။ အမျိုးသမီး၊ အမျိုးသား၊ လူငယ်၊ ဘာသာခြား များ နှင့် လူမျိုးကွဲ လူနည်းစုများကို တန်းတူရည်တူ ဆက်ဆံပါ။ | •လာဘ်မယူရ။ လက်ဆောင်ပစ္စည်းမယူရ။<br>•စာရွက်စာတမ်းများကို အတုအပမပြုရ။<br>•အသိမိတ်ဆွေများ၊ ဆွေမျိုးများကို ကန်ထရိုက်မပေးရ။<br>•စီမံကိန်းလုပ်ငန်းကိုကိုယ်ရေး ကိုယ်တာ အတွက် အသုံးပြုခြင်း၊ အလွဲသုံးစားလုပ်ခြင်းမပြုရ။<br>•ကိုယ်ရေးကိုယ်တာသုံးအတွက် ပိုက်ဆံ၊ ပစ္စည်း များကို မယူရ။<br>• လုပ်အားခေါင်းပုံမဖြတ်ရ။ ၁၅ နှစ်ကလေး ငယ် များကို ခိုင်းစေခြင်း မပြုရ။ |

၃။ **ကျေးရွာလူထုနှင့် ဆောင်ရွက်ခြင်း (၁၀ မိနစ်)။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၏ တာဝန်များထဲမှ တစ်ခုသည် စီမံကိန်း ပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံယူမှုရှိစွာ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း **ရှင်းပြ**ပါ။ "ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံယူမှု ဆိုတာဘာလဲ" ဟု**မေး**ပါ။ အောက်ပါတို့ကို **ရှင်းပြ**ပါ။

- **ပွင့်လင်းမြင်သာမှုရှိခြင်း။** ကျေးရွာလူထုကို အသိပေးရန်နှင့် တက်ကြွစွာ ပါဝင်စေရန်အတွက် သတင်းအချက်အလက် များကို ကျေးရွာလူထုအားလုံး လွတ်လပ်စွာ သိရှိနိုင်စေရန် တာဝန်သိခြင်း
- **တာဝန်ခံယူမှု။** မိမိလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူရမည်ကို သိရှိခြင်း

ထို့နောက်အောက်ပါမေးခွန်းများကို **မေး**ပြီးအဖြေများရယူပါ။ အောက်ပါအချက်များထဲမှ မဖြေကြားရသေးလျှင် ဖြည့်စွက် ပြောကြားပေးပါ။

| |
|---|
| ၁။ ***"ကျေးရွာလူထုကို ဘယ်လိုအသိပေးပြီး ဘယ်လိုပါဝင်စေမလဲ"***<br>• ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ကျေးရွာလူထုနှင့် ပုံမှန်အစည်းအဝေး ပြုလုပ်ပြီး အကြံဉာဏ်များ ရယူပါ<br>• အမျိုးသမီးများကို ပူးပေါင်းပါဝင်စေရန် သေချာစေပြီး ကျေးရွာအစည်းအဝေး များကို ဖိတ်ခေါ်ပါ<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ တစ်ဦးချင်းစီကို ကိုယ့်ကျေးရွာအတွင်းရှိ |

ကျေးရွာ လူထုကို အသိပေး အကြောင်းကြားစေရန် ပြောပါ

- ကျေးရွာကြော်ငြာသင်ပုန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ငွေကြေးသုံး စွဲမှု တို့ကို ကပ်ပါ

၂။ *"ကျေးရွာလူထုအပေါ် ဘယ်လို တာဝန်ခံယူမလဲ"*

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးရွာလူထုနှင့် အတိုချုံးအစည်းအဝေးများ ပုံမှန်ပြုလုပ်ပါ
- စီမံကိန်းလုပ်ငန်း၊ ငွေကြေးသုံးစွဲမှု၊ စသည့် ဖြစ်ပျက်နေမှုတို့ကို ကျေးရွာလူထုအား အသိပေးပါ။
- ကြော်ငြာသင်ပုန်းမှာ ဘဏ္ဍာရေးမှတ်တမ်းများနှင့် အဓိကကျသည့် စာရွက် စာ တမ်းများ ကပ်ထားကြောင်း သေချာစေပါ။
- မိမိဆောင်ရွက်မှုတိုင်းနှင့် ဆုံးဖြတ်ချက်တိုင်းကို နားလည်ပြီး တရားမျှတကြောင်း ရှင်းပြနိုင်စေပါ။
- ကျင့်ဝတ်များကို လိုက်နာပါ။
- ဝေဖန်အကြံပြုတိုင်ကြားချက်များကို သင့်လျော်သလိုတုံ့ပြန်ပါ။

၄။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**အဖွဲ့အစည်းအဝေးများ (၅ မိနစ်)။** ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့ဝင်များသည် ၎င်းတို့ကျေးရွာမှာ **Cash for Work** စီမံကိန်း အကောင်အထည်ဖော်ရန်နှင့် စီမံခန့်ခွဲရန်အတွက် အစည်းအဝေးများကို ပုံမှန်ကျင်းပ ကြောင်း **ရှင်းပြ**ပါ။ "အစည်းအဝေးကောင်းတစ်ခုဖြစ်ဖို့အတွက် ဘယ်လိုသတ်မှတ် ချက်တွေ ချမှတ်သင့်သလဲ" ဟုမေးပါ။ အဖြေများရယူပြီး စာရွက်ကြီးပေါ်တွင် ချရေးပါ။

- လူတိုင်း၊ အထူးသဖြင့် အမျိုးသမီးများအတွက် သင့်လျော်သည့် အချိန်တွင် အစည်း အဝေးကျင်းပပါ။
- အစီအစဉ်အတိုင်း ခေါင်းစဉ်တစ်ခုချင်းစီ အားလုံးဆွေးနွေးစေပါ။
- တစ်ကြိမ်လျှင်တစ်ယောက် ပြောဆိုစေပြီး တစ်ယောက်၊ နှစ်ယောက်တည်းကသာ ဆွေးနွေးနေတာမျိုး မဖြစ်ပါစေနဲ့။
- အကြောင်းအရာတစ်ခုကို တစ်ခဏကြာ ဆွေးနွေးနေကြပြီးလျှင် ဆုံးဖြတ်ချက်ချ မှတ်စေကာ နောက်အကြောင်းအရာ တစ်ခုကို ဆွေးနွေးပါ။
- ဆုံးဖြတ်ချက်ချသည့်အခါ ရှင်းလင်းစေပြီး အားလုံးသဘောတူညီစေရန် သေချာပါစေ။
- ဘယ်သူက ဘာကို ဘယ်အချိန်လုပ်မည်ဆိုသည့် အချက်များ ရှင်းရှင်းလင်းလင်း ချမှတ်ပါ။
- တစ်ယောက်ယောက်က ဆုံးဖြတ်ချက်တိုင်းကို မှတ်တမ်းတင်ထားကြောင်း သေချာ

ပါစေ။

- နောက်ပြုလုပ်မည့် အစည်းအဝေးတွင် ယခင်သဘောတူခဲ့သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးပါ။

ရည်ရွယ်ချက်များ။ ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။
၁) Cash for Work စီမံကိန်းလိုက်နာရမည့်စည်းကမ်းချက်များ ကိုသိရှိဖော်ပြတတ်မည်။

**အချိန်။** ၁၅ မိနစ်

**အဆင့်များ။**

**၁။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုက်နာရမည့်စည်းကမ်းချက်များ **(၅ မိနစ်)။** ကျေးရွာအလိုက် အဖွဲ့များ ခွဲလိုက်ပါအဖွဲ့တိုင်းကိုအားလုံး၏ လိုက်နာရမည့်စည်းကမ်းချက်များ နှင့် ပတ်သက်၍ *ထင်မြင်ချက်ကိုမေးပါ။*

**၂။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုက်နာရမည့်စည်းကမ်းချက်များ **(၁၀ မိနစ်)။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုက်နာရမည့်စည်းကမ်းချက်များ နောက်ဆက်တွဲ ဃ ကို ရှင်းပြပါ။

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုက်နာရမည့်စည်းကမ်းချက်များ**

၁။စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူမည်သူမဆို (အားလုံး)သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) စီမံကိန်းမှ ခွင့်ပြုထားသော လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်၊ ခွင့်မပြုထားသော လုပ်ငန်းများအား လုံးဝဆောင်ရွက်ခြင်းမပြုရ၊

( ခ) တစ်ဦးတစ်ယောက်အတွက်သာ အကျိုးရှိစေမည့်လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ခြင်းမပြုရ၊

( ဂ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အထူးရိုးသားဖြောင့်မတ်ရမည်၊ အဂတိကင်းရှင်းရမည်၊

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရမည်၊ စီမံကိန်းရန်ပုံငွေကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ၊

( င) လုပ်ငန်းဆိုင်ရာအရည်အသွေးစံသတ်မှတ်ချက်နှင့် အတိုင်းအတာပြည့်မီခြင်းမရှိဘဲ ငွေ ပေးချေခြင်းမပြုလုပ်ရ၊

( စ) ပစ္စည်းဝယ်ယူရာတွင်လည်းကောင်း၊လုပ်အားခပေးချေရာတွင်လည်းကောင်းကျသင့်

စရိတ်ကို အပြည့်အဝပေးချေရမည်၊ ဖြတ်တောက်ခြင်းမပြုလုပ်ရ၊

(ဆ) စီမံကိန်းတွင် ကျေးရွာရှိ အမျိုးသမီးများ ပါဝင်နိုင်ရေး စည်းရုံးဆောင်ရွက်ရန်၊

( ဇ) စီမံကိန်းတွင် တိုင်းရင်းသားလူနည်းစုများကို ချန်လှပ်ထားခြင်းမပြုလုပ်ရ၊

( ဈ) လုပ်ငန်းဆောင်ရွက်ရာတွင် အသက်(၁၅)နှစ်အောက်ကလေးများ ပါဝင်လုပ်ကိုင်ခြင်း မပြုရ၊

(ည) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊

( ဋ) လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အရက်သေစာ သောက်စားခြင်း၊ မူးယစ်ရမ်းကား ခြင်းမပြုလုပ်ရ၊

( ဌ) တည်ဆဲဥပဒေများနှင့်ဆန့်ကျင်သော၊ တရားဥပဒေနှင့်မလွတ်ကင်းသော မည်သည့် လုပ်ငန်းကိုမျှဆောင်ရွက်ခြင်းမပြုရ၊

( ဍ) မည်သူမဆို ပုဂ္ဂိုလ်ရေးမကျေနပ်မှုကို အကြောင်းပြု၍ မမှန်မကန် လိမ်လည် တိုင်ကြားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းမပြုလုပ်ရ၊

(ဎ ) မြို့နယ်အဆင့်ထုတ်ပြန်ထားသော ဒေသဆိုင်ရာလိုက်နာမည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ဏ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသောCOVID–19ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ အသိပေးညွှန်ကြားချက်များကို လိုက်နာရမည်။

၂။ အထက်ပါစည်းကမ်းချက်များအား ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေး တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

ရည်ရွယ်ချက်များ။ ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) Cash for Work စီမံကိန်း Work Plan ကိုသိရှိဖော်ပြတတ်မည်။

၂) မိမိတို့ ကျေးရွာအလိုက်ဆီလျော်သော work plan များရေးဆွဲတတ်လာမည်။

**အချိန်။** ၁၅ မိနစ်

**အဆင့်များ။**

၁။ Cash for Work စီမံကိန်း Work Plan ကိုချပြရှင်းလင်းရန် (၅ **မိနစ်)။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီအား Guideline စာအုပ်တွင်ဖော်ပြထားသည့် Work Plan ကို ရှင်းပြပါ။

**၂။** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုက်နာရမည့်စည်းကမ်းချက်များ (၁၅ **မိနစ်)။** ကျေးရွာအလိုက် အဖွဲ့များ ခွဲလိုက်ပါ။ အဖွဲ့တိုင်းကို ကျေးရွာအလိုက် ဆီလျော်သော work plan များရေးဆွဲပါစေ။

## Cash for Work စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ် (၂၀၁၉-၂၀၂၀)

| စဉ် | အကြောင်းအရာ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက်တင်ဘာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (က) | **စီမံကိန်းရွေးချယ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း** | | | | | | |
| ၁ | စီမံကိန်းမြို့နယ်ရွေးချယ်ခြင်း | | | | | | ၁ ပတ် |
| ၂ | စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့် အတည်ပြုခြင်း | | | | | | ၂ ပတ် |
| ၃ | မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်း (၁) ရက်၊ လုပ်ငန်းရွေးချယ်ခြင်း၊ (၁) ရက် | | | | | | ၂ ပတ်မှ ၃ ပတ်အထိ |
| ၄ | မြို့နယ်ဦးစီးမှ လုပ်ငန်း Design, Estimate တွက်ချက် အတည်ပြုခြင်း၊ | | | | | | မြို့နယ် ၂ ပတ် |
| ၅ | မြို့နယ် TPIC မှ ရွေးချယ်သူများအား အတည်ပြုခြင်း | | | | | | ၁ ရက် |
| ၆ | လုပ်ငန်းအကောင်အထည်ဖော်ခြင်း | | | | | | ၄ ပတ်မှ ၇ ပတ်အထိ |
| ၇ | မြို့နယ်ဦးစီးမှ စီမံကိန်းလုပ်ငန်းများ စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း | | | | | | |
| (ခ) | **ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း** | | | | | | |
| ၁ | ဦးစီးဌာန(ရုံးချုပ်)မှ မြို့နယ်ဦးစီးမှ DL/Fax ဖြင့် ပေးပို့ခြင်း | | | | | | ၁၀ ရက် |
| | **မြို့နယ်ဦးစီးမှ ကျေးရွာဘဏ်စာရင်းသို့ ရန်ပုံငွေ ထုတ်ပေးခြင်း** | | | | | | |
| ၂ | ပထမအကြိမ် (၅၀%)ငွေ ထုတ်ပေးခြင်း | | | | | | |
| ၃ | လုပ်ငန်း(၅၀%)ပြီးစီးပါက ဒုတိယအကြိမ်(၄၀%)ငွေ ထုတ်ပေးခြင်း | | | | | | |
| ၄ | လုပ်ငန်းများ (၁၀၀%)ပြီးစီးချိန်တွင် မြို့နယ်ဦးစီးမှ စစ်ဆေးပြီးပါက တတိယအကြိမ်(၁၀%)ငွေ ထုတ်ပေးခြင်း | | | | | | |
| (ဂ) | **လုပ်ငန်းစစ်ဆေးခြင်းနှင့် လွှဲပြောင်းခြင်း** | | | | | | |
| ၁ | လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းချပြခြင်း၊ လွှဲပြောင်းခြင်း | | | | | | ၂ ပတ်မှ ၁ လအထိ |

ရည်ရွယ်ချက်များ။ ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) Cash for Work စီမံကိန်း အကျိုးဝင်သော စီမံကိန်း လုပ်ငန်းများ ကိုသိရှိဖော်ပြတတ်မည်။

၂) Cash for Work စီမံကိန်း အကျိုးမဝင်သော စီမံကိန်း လုပ်ငန်းများ ကိုသိရှိဖော်ပြတတ်မည်။

**အချိန်။** ၃၀ မိနစ်

**အဆင့်များ။**

**၁။**အကျိုးဝင်သော စီမံကိန်း လုပ်ငန်းများ ချပြရှင်းလင်းရန် **(၁၀ မိနစ်)။**

စီမံကိန်းလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အကျိုးဝင်သော စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်-

အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများစာရင်း

| စဉ် | အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၁ | ကျေးရွာတွင်း ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း။ |
| ၂ | ကျေးရွာတွင်းလမ်းများ၊ ကုန်ထုတ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း(လမ်းများပေါ်တွင် မြေပြိုမှုများ ရှိပါက ဖယ်ရှားခြင်းလုပ်ငန်းများအပါဝင်)။ |
| ၃ | ရေကန်များ ခြံစည်းရိုးကာရံခြင်း/တည်ဆောက်ပြုပြင်ခြင်း။ |
| ၄ | ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူးတွင်းများ၊ ရေကန်များ အသစ်တည်ဆောက်ခြင်း/ ပြုပြင်ခြင်း၊ မြေသားရေကန်များ ပြုပြင်ခြင်း။ |
| ၅ | ဆိပ်ခံတံတားများ၊ တံတားငယ်များ ပြုပြင်ထိန်းသိမ်းခြင်း။ |
| ၆ | သောက်သုံးရေ (သို့) အများသုံးရေကန်များသို့ ရေဝင်လမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြုပြင်ခြင်း (၆၃ ကေအောက်)။ |
| ၇ | အမှိုက်သိုလှောင်ကန်များ ရှင်းလင်းခြင်း(သို့) ပြုပြင်ခြင်း။ |

| စဉ် | အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၈ | မြေဖို့လုပ်ငန်းများနှင့် မြေထိန်းနံရံများ ပြုပြင်တည်ဆောက်ခြင်း။ |
| ၉ | ကျေးရွာပိုင် အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်း။ |
| ၁၀ | စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမနှင့် ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း။ |
| ၁၁ | အများပြည်သူဆိုင်ရာ နေရာများ၊ ရှိရင်းစွဲ ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊ ကျေးရွာအနီးရှိ ရေဝေရေလွှဲနေရာများအပါအဝင် ကျေးရွာပိုင်/အများပိုင် မြေများတွင် သစ်ပင်စိုက်ပျိုးခြင်း။ |
| ၁၂ | သစ်တောဧရိယာနှင့် ထိစပ်နေသော ကျေးရွာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် ရှိရင်းစွဲ မီးတားလမ်းများအား ပြုပြင်မွမ်းမံခြင်း။ |
| ၁၃ | အများပိုင် ငါး၊ ပုဇွန်၊ ဂဏန်းမွေးမြူရေးကန်များ ပြုပြင်မွမ်းမံခြင်း။ |

**၁။**အကျိုးမဝင်သော စီမံကိန်း လုပ်ငန်းများ ချပြရှင်းလင်းရန် **(၁၀ မိနစ်)။**

စီမံကိန်းလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အကျိုးမဝင်သော စီမံကိန်း လုပ်ငန်းများကို မဆောင်ရွက်နိုင်ပါ-

အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ စာရင်း

| စဉ် | အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| ၁ | တစ်ရွာလုံးအကျိုးခံစားခွင့်မရှိသော လုပ်ငန်းများ။ |
| ၂ | အမျိုးသမီးနှင့် အမျိုးသားများ တူညီသောလုပ်ငန်းများအတွက် လုပ်အားခတူညီစွာ ပေးချေခြင်း မရှိသော လုပ်ငန်းများ။ |
| ၃ | ရွာသားများ နေရာပြောင်းရွှေ့ရန် / ပြန်လည်နေရာချထားရန် လိုအပ်သော စီမံကိန်းလုပ်ငန်းများ။ |
| ၄ | လုပ်သားများကို အတင်းအဓမ္မအလုပ်စေခိုင်းသော လုပ်ငန်းများ။ |
| ၅ | ပုဂ္ဂလိကပိုင်ကုန်ပစ္စည်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အစိုးရရုံးများ၊ ဘာသာရေး ဆိုင်ရာအဆောက်အဦများတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့သော လုပ်ငန်းများ။ |
| ၆ | ရှိရင်းစွဲအခြေခံအဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ခြင်း(သို့) အသစ်တည်ဆောက်သည့် |

| စဉ် | အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| | လုပ်ငန်းများ။ |
| ၇ | တည်ဆောက်ရေးကာလ (၃) လထက်ပို၍ ကြာမြင့်မည့်လုပ်ငန်းများ။ |
| ၈ | နည်းပညာပိုင်းဆိုင်ရာ ရှုပ်ထွေးသော လုပ်ငန်းများ(ဥပမာ။ ပေ ၂၀ အထက် တံတားနှင့် ဆိပ်ခံတံတား အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ)နှင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများ။ |
| ၉ | ဒေသခံလုပ်သားအင်အားထက် စက်ယန္တရားဖြင့် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများ။ |
| ၁၀ | လုပ်အားခ ၃၀% အောက်နည်းသော လုပ်ငန်းများ(လုပ်ငန်းခွဲတစ်ခုလုံး စုစုပေါင်းထောက်ပံ့ငွေ၏)။ |
| ၁၁ | မြေယာသော်လည်းကောင်း ပိုင်ဆိုင်မှုတစ်စုံတစ်ရာသော်လည်းကောင်း ဆုံးရှုံးရခြင်းအတွက် လျော်ကြေးပေးချေရသော လုပ်ငန်းများ။ |
| ၁၂ | အဓမ္မအလုပ်စေခိုင်းခြင်း(သို့) ကလေးလုပ်သားအသုံးပြုခြင်းနှင့် လူကုန်ကူးမှုဖြစ်ရပ်များ ဖြစ်ပွားစေမည့် လုပ်ငန်းများ၊ (သို့မဟုတ်) အသက်(၁၅) နှစ်အထက်နှင့် (၁၈) နှစ်အောက် ကလေးများအား အန္တရာယ် ရှိသော လုပ်ငန်းခွင်များ (သို့) ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများအား ထိခိုက်စေနိုင်သောလုပ်ငန်းများတွင် ခန့်အပ်ခိုင်းစေသော လုပ်ငန်းများ။ |
| ၁၃ | အစိုးရ(သို့) အခြားမိတ်ဖက်အဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့ထားသော(သို့) ငွေကြေးထောက်ပံ့ရန် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများ (သို့ရာတွင် Cash For Work စီမံကိန်းလုပ်ငန်းအား Co-financing အဖြစ်ဆောင်ရွက်သော လုပ်ငန်းဖြစ်ပါက ဆောင်ရွက်နိုင်သည်) |
| ၁၄ | အစိုးရ(သို့) အခြားအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်ရှိလုပ်ငန်းများနှင့် အခြား သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်မရရှိသောလုပ်ငန်းများ။ |
| ၁၅ | လက်ကိုင်လွှစက်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ကျောက်ဂွမ်း (ကျောက်ဂွမ်းပါဝင်သော ပစ္စည်းများ) အပါအဝင် မူးယစ်ဆေး(သို့) စစ်ဘက်ဆိုင်ရာ အသုံးအဆောင်(သို့) အန္တရာယ်ရှိစေသော အခြားပစ္စည်းများနှင့် အသုံးအဆောင်များ ဝယ်ယူမှုပါဝင်သော လုပ်ငန်းများ (သို့) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အသက် မွေးဝမ်းကျောင်းမှုများကို သိသာစွာ ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုများ။ |
| ၁၆ | အပြည်ပြည်ဆိုင်ရာ ရေကြောင်းလိုင်းများမှ ရေများအသုံးပြုမှု၊ ရေဝတီမြစ်၏ အဓိက ရေစီးကြောင်းပေါ်တွင် ရှိသော အများပြည်သူသုံး ရေပေးဝေမှု၊ အသေးစားဆည်မြောင်း သွယ်ခြင်း |

| စဉ် | အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|
| | များ(သို့)အသေးစားရေးစားလျှပ်စစ်ထုတ်လုပ်ရန်ပံ့ပိုးမှုများ အစရှိသည့်လုပ်ငန်းများ။ရေဝေတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခနှင့်မလိခမြစ်တစ်လျှောက်ရှိရေပေးဝေမှုများနှင့် ဆည်မြောင်းငယ်များကို စီမံကိန်းမှ ရန်ပုံငွေ ပံ့ပိုးပေးလိမ့်မည် မဟုတ်ပါ။ |
| ၁၇ | နိုင်ငံတော်အဆင့် ထိန်းသိမ်းစောင့်ရှောက်ထားသော သဘာဝတောများ၊ သီးသန့်သစ်တောများ (အဆိုပြုထားသော ကာကွယ်တောများ)ကာကွယ်မှုပြုထားသောနေရာများတွင် အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများသည် ထိန်းသိမ်းစောင့်ရှောက်ရန် သိသိသာသာဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။ သို့မဟုတ် သဘာဝတောများ ပျက်သုဉ်းခြင်း၊ သက်ဆိုင်ရာ စီမံကိန်း၏ ကာကွယ်တော၊ ကာကွယ်ဧရိယာ စီမံခန့်ခွဲမှု စီမံချက် တွင် ဖော်ပြထားခြင်းမရှိခြင်း။<br><br>မှတ်ချက်။ လက်ရှိအဆောက်အအုံများ (ဥပမာ-ခရီးသွားလုပ်ငန်းကို ရည်ရွယ်သော လက်ရှိ လူသွားလမ်း(သို့) လှည်းလမ်းကြောင်း) တို့သည် ယင်းစီမံကိန်း၏ အစီအမံနှင့် ကွဲလွဲ မှုမရှိပါက ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ အတည်ပြုချက်ကိုလည်း ရယူရမည်) |
| ၁၈ | အများပိုင်ရေကန်၏ ခြံစည်းရိုးအသစ် ကာရံရာတွင် လက်ရှိနယ်နမိတ်ပြင်ပရှိ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသော မြေ အတွင်းသို့ ကျော်လွန်၍ ခြံစည်းရိုး ကာရံသည့် လုပ်ငန်းများ။ |
| ၁၉ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသောမြေ(သို့) ပုဂ္ဂလိကပိုင်မြေပေါ်တွင် လက်တူးတွင်း/အဝီစိတွင်း/အများသုံးရေငုတ် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ။ |
| ၂၀ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုရှိသောမြေ(သို့) ပုဂ္ဂလိကပိုင်မြေပေါ်တွင် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ။ |

## အပိုင်း ၇။ ဝယ်ယူရေးလမ်းညွှန်ချက်များ

**ရည်ရွယ်ချက်များ။** ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် **Cash for Work** စီမံကိန်းလက်စွဲ လမ်းညွှန်ချက်စာပိုဒ် ၁၇ ပါ စီမံကိန်း၏ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ "ဝယ်ယူရေးလုပ်ငန်း အခြေခံသဘောတရား၊ ရည်ရွယ်ချက်၊ စီမံကိန်း၏ ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများ၊ ရှောင်ရန်ဆောင်ရန်များ" ကို နားလည်လာမည်။

**အချိန်။** ၄၀ မိနစ်

**အဆင့်များ။**

**၁။ဝယ်ယူရေးဆိုတာဘာလဲ (သို့) ဝယ်ယူရေး၏ အခြေခံသဘောတရားအချို့နှင့် ရည်ရွယ်ချက် (၂၀ မိနစ်)။**

သင်တန်းသူ/သားများ(ကော်မတီဝင်များ)အနေဖြင့် CFW စီမံကိန်းကဲ့သို့သော ကျေးရွာလူထုမှ ကမကထပြု ဆောင်ရွက်သည့်ယခင် စီမံကိန်း/ လုပ်ငန်းများတွင် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူဖူးသည့် အတွေ့အကြုံရှိ/မရှိနှင့် ရှိကမည်သို့ ဝယ်ယူခဲ့ကြောင်း မေးမြန်း ဆွေးနွေးခိုင်းပါ။

**သင်တန်းဆရာမှ အောက်ပါတို့ကိုရှင်းပြပေးပါ..**

- စီမံကိန်းတွင် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တခါတရံ ကျွမ်းကျင်လုပ်သားအစုအဖွဲ့များ၊ ကန်ထရိုက် တာများကို စနစ်တကျ ဝယ်ယူ/ငှားရမ်းနိုင်ရန် ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရသည်။
- ဝယ်ယူရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်အချို့မှာ–
    - လိုအပ်သည့်ပစ္စည်းများကို လိုအပ်သည့် အရည်အသွေး၊ အရေအတွက်ပြည့်မှီစွာဖြင့် လိုအပ်သည့်အချိန်တွင် သင့်တင်သည့် ဈေးနှုန်းဖြင့် စနစ်တကျ ဝယ်ယူရရှိစေရန် ဖြစ်သည်။
    - အများနှင့်ဆိုင်သည့် စီမံကိန်းလုပ်ငန်း၊ ငွေကြေးသုံးစွဲမှု ဖြစ်သည့်အတွက် လုပ်ငန်းစဉ်တလျှောက် (၁)ပွင့်လင်းမြင်သာမှု ရှိရမည် (၂) မျှတမှုရှိရမည် (၃) လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိရမည် (၄)လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိရမည်။
    - (၁)ဘက်လိုက်မှုမရှိစေရ (၂) မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရမည် (၃) ငွေကြေးအရှုပ်မရှိစေရ (၄) လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်သည့်ဝယ်ယူမှုများ

မဖြစ်ပေါ်စေရ။

- ဤစီမံကိန်းတွင် ကျေးရွာအဆင့်ဝယ်ယူရေး ဆိုသည်မှာ ဝယ်ယူရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ခြင်း ဖြစ်သည်။
- စီမံကိန်း၏ သဘောတရားအရ လုပ်ငန်းတစ်ခုလုံးအား အလုံးစုံကန်ထရိုက်ငှားရမ်း၍ ဆောင်ရွက်ခြင်း မပြုရ။
- ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းများနှင့် လုပ်သားငှားရမ်းခြင်းတို့ကို ဝယ်ယူရေးတာဝန်ခံ ကော်မတီဝင်မှ ဦးဆောင်၍ အများဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။

**၂။ ဝယ်ယူရေးဆောင်ရွက်ခြင်း(သို့မဟုတ်)လုပ်ထုံးလုပ်နည်းများ (၂၀ မိနစ်)။**

**ကော်မတီဝင်များမှ ဆောင်ရွက်ရမည့် ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား နားလည်စေရန် အောက်ပါတို့ကို ရှင်းလင်းပေးပါ**

**အဆင့်(၁) စာရင်းပြုစု၍ အစီအမံပြုလုပ်ခြင်း**

အင်ဂျင်နီယာတွက်ချက်မှုကို အခြေခံ၍ အောက်ပါတို့ကို မှတ်စုစာရွက် (သို့မဟုတ်) သတ်မှတ်ထားသည့်

မှတ်တမ်းတွင် ချရေးပါ–

- လက်တလောဝယ်ယူရမည့် ပစ္စည်းများအမျိုးအမည်၊ အရေအတွက် နှင့်၎င်းတို့၏ အရည်အသွေးလိုအပ်ချက်၊
- လုပ်သားလိုအပ်မှု၊ အရေအတွက်၊ ကျွမ်းကျင်မှုအလိုက် လုပ်သားအမျိုးအစား (ဥပမာ၊ လက်သမား၊ သာမာန်နေ့စား စသည်)
- ပစ္စည်းတစ်မျိုးချင်းစီအား လုပ်ငန်းအတွက် လိုအပ်မည့် အချိန်။ (ဘယ်နေ့မှ လုပ်ငန်းခွင်အရောက် ဖြစ်ရမလဲ)

**အဆင့်(၂) ဈေးနှုန်းနှင့် ပစ္စည်းရနိုင်ခြေအားစုံစမ်းခြင်း**

- အဆင့်(၁)ပါ မှတ်သားထားသည့် ပစ္စည်းနှင့် လုပ်သားများကို မည်သည့်ဈေးဆိုင်၊ မည်သည့်ဒေသများမှ ရနိုင်သလဲ (မိမိတို့၏ အတွေ့အကြုံဖြင့်စဉ်းစားပါ)၊ **မိမိတို့ ကျေးရွာ၊ ဒေသတွင်းမှ ရင်းမြစ်များကို ဦးစွာစဉ်းစားပါ။**
- ဈေးဆိုင် (သို့မဟုတ်) ရရှိနိုင်သည့်ရင်းမြစ် အနည်းဆုံး(၃)ခုအား လူကိုယ်တိုင် သွားရောက်၍ **ဈေးနှုန်းနှင့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး**တို့ကို စုံစမ်းပါ (သို့မဟုတ် အခက်အခဲရှိပါက) ဖုန်းဖြင့်ဆက်သွယ်၍မေးမြန်းပါ။ ပစ္စည်းအမျိုးအစား အလိုက် ဈေးနှုန်းများကို မှတ်တမ်း/ မှတ်စုစာအုပ်တွင် ချရေးပါ။ အင်ဂျင်နီယာ တွက်ချက်မှုပါ အရေအတွက်၊ အရေအသွေးနှင့် ကိုက်ညီမှုရှိမရှိကို မေးပါ။
- ဝယ်ယူ/ငှားရမ်းရရှိနိုင်သည့် ဈေးဆိုင် နှင့် လုပ်သားအင်အားစုများ မရှိပါက ကျေးရွာ ကော်မတီနှင့်ညှိနိုင်း၍ ကျေးလက်/ဦးစီး တာဝန်ရှိသူသို့ ချက်ချင်းအကြောင်းကြားပါ။

**အဆင့်(၃)　ဝယ်ယူသင့်သည့်ဈေးဆိုင်အား ဆုံးဖြတ်ခြင်း**

- ကော်မတီဝင်အားလုံးနှင့် ကျေးရွာမှတက်ရောက်လိုသူများကို ဖိတ်ခေါ်၍ အဆင့်(၂)ပါ ဈေးနှုန်းစုံစမ်းထားရှိမှု အခြေအနေအား ရှင်းပြပါ။
- မည်သည့်ဈေးဆိုင်(ရင်းမြစ်)မှ ဝယ်ယူသင့်ကြောင်းကို (ဈေးနှုန်း၊ ရရှိနိုင်သည့် အရေအတွက်၊ အရေအသွေး၊ သယ်ယူနိုင်သည့် အခြေအနေ)တို့ဖြင့် နှိုင်းယှဉ်ရှင်းပြပါ။
- မည်သည့်ဈေးဆိုင်မှဝယ်ယူမည် (သို့) မည်သည့် လုပ်သားအစုအဖွဲ့အားငှားရမ်းမည် ကိုပြောပါ။ ထိုသို့ ဆုံးဖြတ်ခြင်းအပေါ် တက်ရောက်လာသူများမှ ဆွေးနွေးစေရန်နှင့် ကန့်ကွက်ရန် (သို့မဟုတ်) အကြံပြုချက်များကို စီမံကိန်း၏ ဝယ်ယူရေးလုပ်ထုံး လုပ်နည်းများနှင့် အညီသုံးသပ်ဆွေးနွေးပေးရမည်။
- အောက်ပါအချက်အလက်နှင့်ကိုက်ညီသည့် ဈေးဆိုင်အား အများရှေ့တွင်ရွေးချယ်ပါ–
    - ဈေးနှုန်းအနည်းဆုံးဖြင့်ဝယ်ယူရရှိနိုင်ပြီး၊ အင်ဂျင်နီယာတွက်ချက်မှုပါ အရေအတွက်၊ အရေအသွေးနှင့် ကိုက်ညီသည့် ပစ္စည်းများ တင်သွင်းရောင်းချနိုင်သူ။
- အဆင့်(၂)ပါ ဈေးနှုန်းနှင့်ရင်းမြစ်များကို စုံစမ်းရာတွင် အနည်းဆုံးရင်းမြစ် ဈေးဆိုင်(၃)ခုထက်နည်းသည့် အခြေအနေတွင် သင့်လျော်မည့် ဈေးဆိုင် (ရင်းမြစ်) တစ်ခုတည်းမှ ဝယ်ယူမည် ဖြစ်ကြောင်းကို ရှင်းပြပါ။ ၎င်းအခြေအနေအား ကျေးလက်/ဦးစီးတာဝန်ရှိသူသို့ သတင်းပို့၍ အကြံဉာဏ်ရယူပါ။
- မည်သည့်နည်းလမ်းဖြင့် ဝယ်ယူသည် ဖြစ်စေ ဝယ်ယူသည့်ဈေးနှုန်းသည် ဒေသပေါက်ဈေးထက်မပိုရ (သို့မဟုတ်) အင်ဂျင်နီယာ တွက်ချက်မှုပါထက်မပိုရ။ **ထိုသို့အခြေအနေဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပို့၍ အကြံဉာဏ်ရယူရမည်။**

**အဆင့်(၄)　ဝယ်ယူခြင်းနှင့် စုဆောင်းထားခြင်း**

- အဆင့်(၁)မှ အဆင့်(၃)အထိပါ လုပ်ထုံးလုပ်နည်းများဖြင့် ဝယ်ယူသည့် ပစ္စည်းများကို လုပ်ငန်းခွင်သို့ရောက်ရှိစေရန် စီမံ ဆောင်ရွက်ပါ၊ လက်တလောမလိုအပ်သည့် ပစ္စည်းများကို လုံခြုံသည့်နေရာတွင် သိမ်းဆည်းထားပါ။ ဝယ်ယူပြီး ပစ္စည်းများနှင့် ငှားရမ်းသည့် လုပ်သားတို့ကို အမျိုးအစား၊ ဝယ်ယူသည့်နေ့၊ ဝယ်ယူသည့်ရင်းမြစ်၊ တစ်ခုချင်းဈေးနှုန်း၊ စုစုပေါင်းဈေးနှုန်း၊ အသုံးပြုသည့်နေ့ စသည်တို့ကို မှတ်တမ်းရေးသွင်းထားပါ။

**အဆင့်(၅)　အထောက်အထားများသိမ်းဆည်းခြင်း**

လုပ်ငန်းစဉ်အားလုံးအတွက် မှတ်တမ်းမှတ်ရာများ၊ လက်ရေးဖြင့်ရေးသားထား ချက်များကို ရက်စွဲအလိုက် သိမ်းဆည်းထားပါ၊ ၎င်းတို့သည် ပွင့်လင်းမြင်သာမှုနှင့် နောင်တွင် လိုအပ်ပါက အထောက်အထားအဖြစ် ပြန်လည်ကြည့်ရှုနိုင်သည်။

## အပိုင်း (၈)။ ငွေကြေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်ပုံစံများ

**ရည်ရွယ်ချက်များ။** ဤသင်ခန်းစာပြီးဆုံးသည့်အခါ သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) Cash for Work စီမံကိန်းတွင် လိုအပ်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နားလည်မည်

၂) စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ရာတွင် ကျေးရွာလူထုစာရင်းဇယားများအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လမ်းညွှန်ချက်များကို နားလည်မည်

၃) စီမံကိန်းလုပ်ငန်းခွဲများအတွက် ရသုံးငွေစာရင်းနှင့် ကုန်ကျငွေစာရင်းများကို ပြင်ဆင်ပေးတတ်မည်

၄) ကုန်ကျငွေ ပေးချေရာတွင် နည်းလမ်းအမျိုးမျိုး အသုံးပြုတတ်မည်

**အချိန်။** ၄၅ မိနစ်

**အဆင့်များ။**

**၁။** ကျေးရွာ**အဆင့်** ငွေကြေး**စီမံခန့်ခွဲမှု (၅ မိနစ်)။** "ကျေးရွာအဆင့် ငွေကြေး စီမံခန့်ခွဲမှု ဆိုတာ ဘာလဲနဲ့ ဘာကြောင့်လိုအပ်တာလဲ"ဟု **မေးပြီး** အဖြေများရယူကာ အောက်ပါတို့ကို ရှင်းပြပါ။

| |
|---|
| ● စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ရသုံးငွေစာရင်း ရေးဆွဲခြင်း။<br>● ရန်ပုံငွေများကို အလွဲသုံးစားမလုပ်နိုင်ရန် ထိန်းချုပ်ခြင်း။<br>● ခွင့်ပြုထားသော ရသုံးငွေစာရင်းကို အစီအရင်ခံခြင်း။ (စီမံကိန်းလုပ်ငန်းခွဲ နှင့်ထောက်ပံ့ငွေ)<br>● ငွေပေးချေမှုများနှင့် အသုံးစရိတ်များကို ပြန်လှန်ထိန်းညှိပေးခြင်း။<br>● ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများအတွက် တာဝန်ခံခြင်း။ |

**၂။ ဘဏ္ဍာရေး (၅ မိနစ်)။** "ဘဏ္ဍာရေးမှူးရဲ့ တာဝန်က ဘာလဲ" ဟု **မေးပြီး** အဖြေများရယူကာ အောက်ပါတို့ကို ရှင်းပြပါ။

| |
|---|
| ● ငွေစာရင်းစာအုပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။<br>● ကျေးရွာအုပ်စု ရန်ပုံငွေများကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဘဏ်ငွေစာရင်းကို စီမံခန့်ခွဲခြင်း။<br>● စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ရသုံးငွေစာရင်း ကူညီပြင်ဆင် |

ပေးခြင်။
● ခွင့်ပြုချက်များနှင့်ကောင်းမွန်စွာကိုက်ညီမှုရှိစေရန် ငွေပေးချေမှုများကိုကြီးကြပ်လုပ်ကိုင်ခြင်း။
● ငွေစာရင်းမှတ်တမ်းနှင့် အစီရင်ခံစာများကို ပြင်ဆင်ခြင်း။
● guideline တွင်သတ်မှတ်ပြဌာန်းထားသော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖေါ်ပြ ပေးခြင်း။
● စီမံကိန်းလုပ်ငန်းခွဲပြီးမြောက်သွားသည့်အခါ ကျန်ရှိငွေများကို ကျေးရွာအုပ်စု ဘဏ်စာရင်းထဲသို့ ပြန်လည်ပေးသွင်းခြင်းနှင့် မှတ်တမ်းတင်ထားခြင်းတို့ကို သေချာစေခြင်း။
● ငွေစာရင်းစာအုပ်များ၊ မှတ်တမ်းများကို ကို စာရင်းစစ်များ၊ စိစစ်ရေးအရာရှိများ စစ်ဆေးနိုင်ရန် ထားရှိပေးခြင်း။

၃။ **ရပ်ရွာငွေစာရင်းပြုစုခြင်း (၃၅ မိနစ်)**။ ကျေးရွာအဆင့် ငွေစာရင်းစနစ်တွင် ငွေကြေးနှင့်ပတ်သက်သည့် ထုတ်ယူမှုများ ထိန်းသိမ်းသည့် စာအုပ်များနှင့် စာရွက်စာတမ်းထိန်းသိမ်းရန်လိုအပ်သည့် ဖိုင်တွဲများ ပါဝင်ကြောင်း **ရှင်းပြပါ**။

အောက်ပါတို့ကို ရှင်းပြပါ။ ထို့နောက် **စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲစာအုပ်**ပါ ပုံစံများ လိုက်လံဖတ်ရှုပေးရန်နှင့် ၎င်းပုံစံများကို သင်တန်းပြီးနောက် ထပ်မံကြည့်ရှုလေ့လာပေးရန် ပြောကြားပေးပါ။

ရှင်းပြပြီးနောက် **လက်တွေ့လေ့ကျင့် ဖြည့်စွက်ပါ။**

၁) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အသုံးစားရိတ်စာရင်းအချုပ် -ပုံစံ ၄

၂) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အသုံးစားရိတ်စာရင်းအသေးစိတ် -ပုံစံ ၄ (က)

၃) လုပ်အားခပေးချေမှုမှတ်တမ်း–ပုံစံ ၅

၄) လုပ်အားခပေးချေမှုငွေပေးငွေရပြေစာ -ပုံစံ ၅ (က)

## အပိုင်း (၉) ။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့်သတင်းအချက်အလက်များ ကောက်ယူခြင်း

**ခြုံငုံသုံးသပ်ချက်။** ကျေးရွာလူထုနှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တို့၏ ဆောင်ရွက်နေမှုများ နှင့် ၎င်းဆောင်ရွက် မှုများ၏ တိုးတက်မှုများကို စောင့်ကြည့်ကြီးကြပ်ရမည် ဖြစ်ပါသည်။ စီမံကိန်းအဆင့်ဆင့်မှ တာဝန်ရှိသူများ (ပြည်ထောင်စု ရုံးချုပ်မှ DRD ၊ ပြည်ထောင်စု နည်းပညာအကြံပေးအဖွဲ့၊ ပြည်နယ်/တိုင်းဒေသကြီး DRD နှင့် အကြံပေးများ၊ မြို့နယ် DRD၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့၊ တာဝန်ကျဝန်ထမ်းများနှင့် ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့များ)၏ ဆောင်ရွက်နေမှု များနှင့် ပတ်သက်ပြီး ထိရောက်ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန် အစီရင်ခံစာများ၊ စာရွက် စာတမ်း ထားရှိမှုများအတွက် အစီရင်ခံရန် လိုအပ်ပါသည်။

**ရည်ရွယ်ချက်။** ဤအပိုင်းပြီးဆုံးပါက အောက်ဖော်ပြပါတို့ကို ဆောင်ရွက်နိုင်လိမ့်မည်။

၁) စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ရခြင်း၏ အရေးကြီးပုံကို နားလည်စေရန်။

၂) စီမံကိန်းတွင်အသုံးပြုမည့် M&E ပုံစံများအကြောင်း နားလည်စေရန်။

၃) စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် သတင်းအချက်အလက်များ၏ အရေးကြီးမှုများအား နားလည်စေရန်။

၅) စာရွက်စာတမ်း စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုသည် အရေးကြီးကြောင်း နားလည်စေရန်။

၆) လုပ်ငန်းအကောင်အထည်ဖော်ဆောင်နေစဉ်နှင့်စီမံကိန်းပြီးဆုံးသွားချိန်တွင် စောင့်ကြည့် ကြီးကြပ်ခြင်း၏ လုပ်ငန်း များ ဆက်လက်လုပ်ဆောင်နိုင်ကြောင်းကို သိရှိနားလည် စေရန်။

**အချိန်။** ၄၅ မိနစ်

**အဆင့်များ။**

**၁။ စောင့်ကြည့်ကြီးကြပ်ခြင်း**

**စောင့်ကြည့်ကြီးကြပ်ခြင်းဆိုတာ ဘာလဲ?**

စီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ရရှိလာသည့် သတင်း အချက် အလက် များကို စုဆောင်းပြီး မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် စီမံခန့်ခွဲရာတွင် လမ်းညွှန်ပေး နိုင်ရန်ဖြစ်သည်။အချက်အလက်များကောက်ယူရာတွင် အောက်ပါတို့အား အခြေခံစုဆောင်းသည်။

- ☐ လုပ်ငန်းများ၏ တိုးတက်မှု၊ ဘာတွေလုပ်နေလဲ၊ ဘာတွေမလုပ်ရသေးဘူးလဲ?

☐ အရင်းအမြစ်များ အသုံးပြုမှု ထိရောက်မှုရှိရဲ့လား၊ အကုန်အကျအရမ်းများနေလား?
☐ လည်ပတ်သည့်လုပ်ငန်း ပြဿနာများနှင့် အကြောင်းအရင်းများ?
☐ အခက်အခဲ ဖြစ်ပေါ်လာပါက ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းချက်များ?
☐ ရလဒ်များ၊ လုပ်ငန်းတွေက ဘာတွေထွက်ပေါ်လာသလဲ?

**စောင့်ကြည့်ကြီးကြပ်ဖို့ ဘာကြောင့်လိုအပ်တာလဲ?**

☐ ဆောင်ရွက်မှုများအား လူမှန်၊ အချိန်မှန်ဖြင့် အရည်အသွေးကောင်းမွန်စွာ ပြီးစီးအောင် ဆောင်ရွက်နိုင်စေရန်။
☐ ပြဿနာများအား ဖော်ထုတ်ပြီး ဖြေရှင်းစေရန်။
☐ သက်ဆိုင်သူအားလုံးမှ ၎င်းတို့၏ စွမ်းဆောင်ရည်အားမြှင့်တင်ရန် လိုအပ်သည့် အချက်အလက်များရရှိ စေရန်။
☐ ရရှိလာသော သင်ခန်းစားများကို အနာဂတ်အတွက် အသုံးချရန်။
☐ စီမံကိန်းသက်ဆိုင်သူအားလုံး တာဝန်ခံယူတတ်စေရန်။

**ဘယ်သူတွေက စောင့်ကြည့်ကြီးကြပ်ဖို့လိုအပ်သလဲ?**

☐ ကျေးရွာလူထု၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များ၊ တာဝန်ကျဝန်ထမ်းများ နှင့် စီမံကိန်းနှင့် သက်ဆိုင်သူများ အားလုံး စောင့်ကြည့်ကြီးကြပ်ဖို့လိုအပ်သည်။
☐ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များသည်လည်း မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲခြင်းအတွက် ကိုယ့်လုပ်ငန်းဆောင် ရွက်မှုများကို ကိုယ်တိုင်စောင့်ကြည့်ကြီးကြပ်ဖို့လိုအပ်သည်။

**ဘယ်လိုစောင့်ကြည့်ကြီးကြပ်ရမလဲ?**

☐ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ ကြည့်ရှုခြင်း။
☐ စောင့်ကြည့်ကြီးကြပ်မှုပုံစံများအသုံးပြုခြင်း။
☐ လုပ်ငန်းတိုးတက်မှုများကို အချိန်နှင့်တပြေးညီ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် သုံးသပ်ခြင်း။

## ၂။ အကဲဖြတ်သုံးသပ်ခြင်း

**အကဲဖြတ်သုံးသပ်ခြင်းဆိုတာဘာလဲ?**

☐ စီမံချက် (သို့) အစီအစဉ်သည် မျှော်မှန်းထားသည့် အကျိုးရလဒ်များ ရ-မရကို သိရှိ

စေရန်အတွက် နှင့် အနာဂါတ်တွင် ပိုမိုကောင်းမွန်သော အစီအစဉ်များ ချမှတ်နိုင်စေရန်အတွက် လိုအပ်သည့် သတင်းအချက် အလက်များကို သတ်မှတ်ချိန်များအလိုက် ကောက်ယူစုဆောင်းခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့သည် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်များဖြစ်သည်။

**အကဲဖြတ်သုံးသပ်ဖို့ဘာကြောင့်လိုအပ်တာလဲ?**

- ☐ ချမှတ်ထားသော စီမံချက်အစီအစဉ်များနှင့် အရည်အသွေးများ ဆန်းစစ်ခံနိုင်မှု ပိုမိုကောင်းမွန်လာစေရန် အတွက် အကဲဖြတ်သုံးသပ်ဖို့လိုအပ်ပါသည်။

ဘယ်သူတွေက အကဲဖြတ်သုံးသပ်မှာလဲ?

- ☐ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးအပြင် စီမံချက်ပြင်ပပုဂ္ဂိုလ်များလည်း ပါဝင်အကဲဖြတ်သုံးသပ်နိုင်သည်။

ဘယ်အချိန်မှာအကဲဖြတ်သုံးသပ်မှာလဲ?

- ☐ သတ်မှတ်ထားသော အချိန်အပိုင်းအခြားအလိုက် အကဲဖြတ် သုံးသပ်ရမည်ဖြစ်ပါသည်။

**၃။ M&E ပုံစံများ**

M&E ပုံစံ (၃)မျိုးရှိသည်။

၁။ ပုံစံ-၁ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဆိုပြုလွှာ

၂။ ပုံစံ-၇ စီမံကိန်းလုပ်ငန်းစောင့်ကြည့်ကြီးကြပ်ခြင်း

၃။ ပုံစံ-၈ စီမံကိန်းလုပ်ငန်းအပြီးသတ်စစ်ဆေးချက်

- M&E ပုံစံစာရွက်တွင် ဖြည့်သွင်းရန်လိုအပ်သလို MIS ထဲသို့လည်း ဖြည့်သွင်းရန်လိုအပ်ပါသည်။
- ပုံစံများဖြည့်သွင်းရာတွင် သတ်မှတ်ထားသော အချိန်အတွင်း ဖြည့်သွင်းရမည်ဖြစ်ပါသည်။

## ၄။ Management Information System (MIS)

- စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်းနှင့် စီမံခန့်ခွဲရာတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့၌ သတင်း အချက်အလက်များ အဆက်မပြတ် ဆောင်ရွက်ရရှိနိုင်စေရန် ရည်ရွယ်ပြီး MIS ကို ထားရှိခြင်းဖြစ် သည်။
- MIS စနစ် ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် သတ်မှတ်ထားသော အချိန်အတွင် ပုံစံများကို ဖြည့်သွင်းရန်လိုအပ်သည်။
- ဖြည့်သွင်းထားပြီးသော အချက်အလက်များကို တာဝန်ရှိသူမှ စစ်ဆေးအတည်ပြုပြီးမှသာ ပြည်ထောင်စု ဆာဗာသို့ တင်သွင်းရမည်။
- နည်းပညာဆိုင်ရာ အခက်အခဲရှိပါက ပြည်ထောင်စု MIS အဖွဲ့သို့ အစီရင်ခံသင့်ပြီး ဖြေရှင်းနိုင်ရန် အကူအညီ အမြန်ဆုံးရယူသင့်သည်။

## ၅။ စာရွက်စာတမ်းထိန်းသိမ်းခြင်း

- ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စာရင်းစစ် စစ်ဆေးခံနိုင်ရန်အတွက် စာရွက်စာတမ်းများအား ကောင်းမွန် စွာ ထိန်းသိမ်းထားရန် လိုအပ်ပါသည်။
- ဌာနဆိုင်ရာများသို့ အချက်အလက်များ အချိန်မှီပေးပို့နိုင်ရန်အတွက် ထိန်းသိမ်းထားရန် လိုအပ်ပါသည်။
- စီမံကိန်းစက်ဝန်းအဆင့်အဆင့်အလိုက် ပုံစံများအသုံးပြုပြီး စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပါသည်။